ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 January 2024 ၁၁၃၂၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော် ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန် မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ မြို့တော်ထိပ်ပန် မင်္ဂလာစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းဩဝါဒါစရိယ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသနှင့် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်အား ဝဲကြီးစာသင်တိုက် ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်စဉ်။

## ယနေ့ ဖတ်စရာ

**ဒီကနေ့မှာလည်း နိုင်ငံတည်ဆောက်ရေးအတွက် လုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်တွေဟာ များပြားရှုပ်ထွေးလှပါတယ်။ မြန်မာနိုင်ငံအတွက် နိုင်ငံတည်ဆောက်ရေးဟာ ပန်းခင်းလမ်းတစ်ခုဖြစ်ဖို့ မလွယ်ကူပါဘူး။ ရင်ဆိုင်ဖြတ်ကျော်ရမယ့် စိန်ခေါ်မှုတွေများပါတယ်။ ဒီစိန်ခေါ်မှုတွေကြားက အပြုသဘောဆောင်တဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ဖြစ်ဖို့အတွက် စေ့စပ်ညှိနှိုင်းတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေအပါအဝင် ပူးပေါင်းဆောင်ရွက်မှုရှိတဲ့ အပြန်အလှန်ဆက်ဆံရေးတွေ အဓိကလိုအပ်မှာဖြစ်** ဆောင်းပါး စာမျက်နှာ » ၈

**ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်အေဂျင်စီများ၏ အလုပ်သမားစေလွှတ်သည့် လချုပ်စာရင်းကို အီးမေးလ်ဖြင့်သာတင်ပြရမည်** စာမျက်နှာ » ၄

**နှစ်သစ်မှာ ရောင်းပန်း ဝယ်ပန်းတွေ ပွင့်လန်းနိုင်ကြပါစေ...** ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# မူပိုင်ခွင့်အကာအကွယ်ဖြင့် တိုးတက်မှုရှေးရှု

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားတိုးတက်ရေးတွင် Intellectual Property ဟုခေါ်ဆိုသည့် ဉာဏပစ္စည်းပိုင်ဆိုင်မှုသည် အရေးအကြီးဆုံးဖြစ်သည်။ စက်မှုပစ္စည်းပိုင်းဆိုင်ရာ တီထွင်မှုများ၊ အမှတ်တံဆိပ်၊ ဒီဇိုင်းများနှင့် စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ဗီဒီယို၊ ပန်းချီ အနုပညာရပ်ဆိုင်ရာပစ္စည်းများစသည့် ကနဦးစတင်စွန့်ဦး တီထွင်ဖန်တီးထားသည့် ဉာဏပိုင်းဆိုင်ရာပစ္စည်းများကို ဆိုလိုသည်။

ကုလသမဂ္ဂလက်အောက်ခံ The World Intellectual Property Organization (WIPO) အဖွဲ့အစည်းကြီး၏ သဘောထားဆောင်ပုဒ်တွင် "လူသားတို့ ဉာဏ်ရည်အစွမ်းအစသည် အနုပညာလုပ်ငန်းအားလုံးနှင့် တီထွင်မှုအားလုံး၏ အရင်းအမြစ်ဖြစ်သည်။ ဤလုပ်ငန်းများသည် လူဖြစ်ရကျိုးနပ်စေသော ဘဝအတွက်အာမခံချက်ဖြစ်သည်။ အနုပညာလက်ရာများနှင့် တီထွင်မှုများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဝါယမစိုက်ထုတ်၍ အာမခံချက်ပေးရန်မှာ နိုင်ငံတော်၏ တာဝန်ဖြစ်သည်" ဟူ၍ ဖော်ပြထားသည်။

အဓိကအကျဆုံးသော မူပိုင်ခွင့်အဖွဲ့အစည်းကြီးဖြစ်သည့် (WIPO) အဖွဲ့ကြီးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဌာနချုပ်ဖွဲ့စည်းထားပြီး ကမ္ဘာတစ်ဝန်းလုံးရှိ "ဉာဏပစ္စည်း" ကာကွယ်စောင့်ရှောက်ရေးကို နိုင်ငံအချင်းချင်း ကာကွယ်စောင့်ရှောက်ခြင်းဖြင့် မြှင့်တင်ရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားရာ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ နိုင်ငံပေါင်း ၁၆၁ နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံအနေဖြင့် (WIPO) အဖွဲ့ဝင်နိုင်ငံတွင်ပါဝင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO) နှင့် The World Intellectual Property Organization (WIPO) အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်လာပြီးနောက်ပိုင်းတွင် နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်သစ်တစ်ရပ်တည်ထောင်ရန် လိုအပ်လာသဖြင့် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေလေးရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေလေးရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အာဏာတည်ခဲ့ပြီး အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းများ တရားဝင်လက်ခံဆောင်ရွက်ခြင်းများကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အာဏာတည်ခဲ့ပြီး မူပိုင်ခွင့်လျှောက်ထားချက်များ လက်ခံနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ မူပိုင်ခွင့်သမိုင်းတွင် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်သစ်တစ်ရပ်ကို စတင်ဖော်ဆောင်နိုင်သော နှစ်တစ်နှစ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းအားဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ထွန်းလာစေရန် အထောက်အကူဖြစ်လာပြီဖြစ်၍ တီထွင်ဆန်းသစ်မှုများကို ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

နိုင်ငံ့စီးပွားတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်ကို ယုံကြည်ပြီး မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မူပိုင်ခွင့်ဥပဒေများ ကျင့်သုံးဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေခြင်း၊ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုအဆင့် မြင့်မားတိုးတက်ခိုင်မာလာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိပိုင်ဆိုင်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာတို့နှင့် အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ခြင်းမရှိသေးသဖြင့် အများပြည်သူ လိုက်နာကျင့်သုံးနိုင်ရန်၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာ မူပိုင်ခွင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ဦးဆောင်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်အာမခံချက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မူပိုင်ခွင့်အာမခံချက်ရှိခြင်းသည် နိုင်ငံဖွံ့ဖြိုးရေး၊ စီးပွားတိုးတက်ရေးကို အထောက်အကူပြုသည့်အပြင် စွန့်ဦးတီထွင်နိုင်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးသဖြင့် မူပိုင်ခွင့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## အသိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက်၊ လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၄ ရက်နေ့ ၀၄:၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ အစမ်းလေ့ကျင့်ခြင်းနှင့် ၄-၁-၂၀၂၄ ရက်နေ့ ၀၄:၀၀ အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင် လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## သတိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်)အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၄ ရက်နေ့နှင့် အခမ်းအနားကျင်းပပြုလုပ်မည့် ၄-၁-၂၀၂၄ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာ မီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံ မီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂:၀၀)အချိန်မှ (၀၈:၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံ မီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၁-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၂၇ | ၂၃၂,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၅ | ၁၄,၂၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁ | ၈,၁၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၅ | ၈,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂ | ၄,၈၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၁,၃၆၀ | ၂,၆၆၂,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၁ | ၉၈,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၅၄ | ၉၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြစဉ်။

❖ ရှေ့ဖုံးမှ

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**နာယူကြည်ညို**

ဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ပါဠိဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ကြဲဖြန့်ချည်နှောင်**

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များကို ဝဲကြီးစာသင်တိုက် ဆရာတော်ကြီးထံ သာဟတ္ထိက ဒါနမြောက် ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍပ်ရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။

**ဌာပနာတော်သွင်းလှူပူဇော်**

ထို့နောက် ပါဠိဆရာတော်ကြီးအမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထက်ဌာပနာတိုက်တွင် တက်ရောက်နေရာယူပြီး အထက်ဌာပနာတိုက်ကို ဖွင့်လှစ်၍ ဆီမီးထွန်းညှိ ပူဇော်သည်။ ယင်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဌာပနာတိုက်အတွင်းသို့ ဌာပနာတော် သွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဌာပနာတိုက်အတွင်းသို့ ဌာပနာတော် သွင်းလှူပူဇော်စဉ်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများက မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

**ရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုး**

ထို့နောက် တာဝန်ရှိသူများက အရံစေတီတော်များအား အစီအစဉ်အတိုင်း ရွှေထီးတော်တင်လှူပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာမင်္ဂလာ အခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ **စာမျက်နှာ ၄ သို့** ❖



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ စေတီတော်ကြီးတောင်ဘက်အရပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဝဲကြီးစာသင်တိုက် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

❖ **စာမျက်နှာ ၃ မှ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးတောင်ဘက်အရပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတော်ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက မြို့တော်ထိပ်ပန်မင်္ဂလာ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မဟာဗောဓိညောင်ပင်တော်ကြီး ပိုမို၍တည်တံ့ခိုင်မြဲဝေစည်ရှင်သန်နိုင်စေရန် ရည်သန်၍ ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်၍ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်သည်။

အခမ်းအနားများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်အေဂျင်စီများ၏ အလုပ်သမားစေလွှတ်သည့် လချုပ်စာရင်းကို အီးမေးလ်ဖြင့်သာ တင်ပြရမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်အေဂျင်စီများ၏ အလုပ်သမားစေလွှတ်သည့် လချုပ်စာရင်းကို စာလမ်းကြောင်းမှ ပေးပို့လာခြင်းအား လက်ခံဆောင်ရွက်ပေးသွားမည် မဟုတ်ဘဲ အီးမေးလ်ဖြင့်သာ တင်ပြရမည်ဖြစ်ကြောင်း Safe Migration က အသိပေးထားသည်။

ပြည်ပအလုပ်အကိုင်လိုင်စင်ရ အကျိုးဆောင်အေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုအပ်သည့် စာရွက်စာတမ်းများကို Hard Copy ဖြင့် ပေးပို့တင်ပြခြင်းအစား Soft Copy ကို Email ဖြင့် တင်ပြရမည်ဟု သိရသည်။

အီးမေးလ်ဖြင့်တင်ပြရာတွင် တစ်ကြိမ်သာပေးပို့ရန်နှင့် စာရွက်စာတမ်းပြည့်စုံသည့် အီးမေးလ်အား Well received ဟု Reply လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရပြီး အီးမေးလ်ဖြင့်တင်ပြခြင်းကို ညနေ ၃နာရီခွဲမတိုင်မီပေးပို့ရန်နှင့် ကျော်လွန်သွားပါက နောက်တစ်ရက်ဝင်စာအဖြစ် မှတ်ယူ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်သမားစေလွှတ်ခြင်းလချုပ်အား စေလွှတ်စာရင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ယာယီအပိတ်ခံထားရသည်ဖြစ်စေ လစဉ်လဆန်း ၅ ရက် မတိုင်မီ အချိန်မီပေးပို့ရန်လိုကြောင်းလည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက အသိပေးခဲ့သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း စာရင်းပေးပို့ရန်ပျက်ကွက်သည့် ပြည်ပအလုပ်အကိုင်အေဂျင်စီ ၃၀ ရှိခဲ့သည့်အနက် အေဂျင်စီခြောက်ခုမှာ သတိပေးခံရခြင်း သုံးကြိမ်ရှိပြီး တစ်ကြိမ်ထပ်မံဖြစ်ပွားပါက ဝန်ခံကတိလက်မှတ် စတင်ထိုးရမည်ဖြစ်ကာ ပျက်ကွက်မှုထပ်မံဖြစ်ပါက ကာလအကန့်အသတ်ဖြင့် လိုင်စင်ပိတ်သိမ်းခံရမည်ဟု အသိပေးထားသည်။

**MT**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်သည်။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ-ဦးအောင်မြတ်မင်း

○ ကျောဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဧည့်ခံကြိုဆိုနေရာချထားရေး၊ ဂုဏ်ပြုညစာတည်ခင်းဧည့်ခံရေး၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ပဒေသာကပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အပါအဝင် အစီအစဉ်များအလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများတွင် ဆက်လက်ကျင်းပရာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၃) အကြားတွင် ကျင်းပလျက်ရှိသည့် လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ ထုပ်ဆီးတိုး (အမျိုးသမီး) ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဆက်လက်ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ၂ ရက်နေ့ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ (၁)ပါ "ရန်ကုန်ဆိပ်ကမ်းသို့ တစ်နှစ်တာအတွင်း သင်္ဘောစင်းရေ ၆၀၀ ကျော် ဝင်ရောက်" သတင်း အပိုဒ် ၁ ပါ သင်္ဘောစင်းရေ ၆၀၀ ကျော်အစား ကုန်သေတ္တာတင် သင်္ဘောစင်းရေ ၆၀၀ ကျော်ဟု လည်းကောင်း၊ စာပိုဒ် ၆ ပါ "ကုန်သွယ်မှုများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ အလျားမီတာ ၂၀၀၊ တန်ချိန် ၃၀၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘော ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၂၇ စင်း" အစား "ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုများအတွက် ရန်ကုန်အတွင်း ဆိပ်ကမ်းဧရိယာတွင် အလျားမီတာ ၂၀၀၊ Deadweight Tonnage (DWT) တန် ၃၅၀၀၀ ရှိသော အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၈ စင်း"ဟုလည်းကောင်း၊ စာပိုဒ် ၇ ပါ "သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှလည်း အလျားမီတာ ၂၅၀၊ တန်ချိန် ၃၅၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘော ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၉ စင်း" အစား "သီလဝါ အပြင်ဆိပ်ကမ်းဧရိယာတွင် အလျားမီတာ ၃၀၀၊ Deadweight Tonnage (DWT) တန် ၅၀၀၀၀ ရှိသော အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၀ စင်း" ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

စာတည်းအဖွဲ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပိုက်ကျော်ခြင်း ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က စတုတ္ထဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းအား ငွေသားဆု ငါးသိန်းကျပ်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

အလားတူ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဖူဆယ်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖူဆယ်ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**အနိုင်ရရှိ**

ဦးစွာ ၂၀၂၄ ခုနှစ်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ တစ်ဖက်သုံးဂိုးစီ သရေကျရာ ပင်နယ်တီအဆုံးအဖြတ် ခံယူကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းကို ကိုးဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးဇင်မင်းထက်တို့က အကောင်းဆုံးဂိုးသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက စတုတ္ထဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား ငွေသားဆု ငါးသိန်းကျပ်ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အသက်(၂၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘောပြိုင်ပွဲ (အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ(အမျိုးသား)၊ ဖူဆယ်ပြိုင်ပွဲ (အမျိုးသား)၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၃ ရက်တွင် ဗိုလ်လုပွဲစဉ်များအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) နှင့် အမျိုးသားဘောလုံးပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများ၌ ဆီ၊ ကြက်ဥ၊ သား၊ ငါးများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ယနေ့ နံနက် ၉ နာရီက ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသူ၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၁၅၀၊ ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဆီ ပိဿာ ၂၂၀၊ ဝက်သား ၁၅ ပိဿာ ၊ ကြက်ဥအလုံး ၉၀၀ တို့ကို ဒဂုံတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# သစ်တောဦးစီးဌာန စိုက်ခင်းထူးချွန်ဆု၊ တရားမဝင်သစ်ဖမ်းဆီးရမိမှုထူးချွန်ဆုနှင့် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ၂၀၂၄ ခုနှစ် နှစ်သစ်ကူး အမျိုးသား/ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသမီး ထုပ်ဆီးတိုး ပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး မြက်ခင်းပြင်တွင် ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် အမျိုးသား လွန်ဆွဲပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ သစ်တောစိုက်ခင်း ထူးချွန်ဆု၊ တရားမဝင်သစ်ဖမ်းဆီးရမိမှု ထူးချွန်ဆုနှင့် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို အင်ကြင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်ငြိမ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေးအတွက် အရေးပါသော သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများနှင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရန်နှင့် သစ်နှင့်သစ်တောထွက်ပစ္စည်း ခိုးယူထုတ်လုပ်မှုများ လျော့နည်းပပျောက်စေရေးအတွက် တရားမဝင်သစ်ဖမ်းဆီးရေးတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း။

သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၃ မိုးရာသီတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း စုစုပေါင်း ၁၆၀၇၁ ဧက ဆောင်ရွက်ခဲ့ပြီး တရားမဝင်သစ် တားဆီးကာကွယ်ရေးအတွက် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နည်းလမ်း ရှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ စုစုပေါင်း တန် ၁၀၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍လည်း အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးစိုက်ခင်း ထူးချွန်ဆုပထမ၊ တရားမဝင်သစ် ဖမ်းဆီးရမိမှု ထူးချွန်ဆုပထမ၊ အမျိုးသားလွန်ဆွဲ ပထမ၊ အမျိုးသမီးလွန်ဆွဲ ပထမဆုများကို လည်းကောင်း၊ ဒုတိယဝန်ကြီးက စိုက်ခင်းထူးချွန်ဆု ဒုတိယ၊ တရားမဝင်သစ်ဖမ်းဆီးရမိမှု ထူးချွန်ဆု ဒုတိယ၊ အမျိုးသားလွန်ဆွဲ ဒုတိယ၊ အမျိုးသမီးလွန်ဆွဲ ဒုတိယဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများက ကျန်သည့် အားကစားပြိုင်ပွဲများအလိုက် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၏ ငါးထပ်ကုသဆောင်သစ်နှင့် ဆေးတက္ကသိုလ်-တောင်ကြီး သင်ကြားရေးလေးထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ဆေးတက္ကသိုလ်-တောင်ကြီး သင်ကြားရေး လေးထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ လှဝင်းမြင့်တို့က ဆေးတက္ကသိုလ် -တောင်ကြီး လေးထပ်စာသင်ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်ကြားရေးလေးထပ်ဆောင်ရှိ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခချုပ်က ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆေးတက္ကသိုလ်-တောင်ကြီးအတွက် လှူဒါန်းပေးကြသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



ဆက်လက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က ငါးထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူလူထု အကျိုးရှိစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ကုသဆောင်သစ်များ၊ စာသင်ဆောင်သစ်များ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ မကြာမီ ဆေးရုံအဆောက်အအုံသစ်များ ထပ်မံဖွင့်လှစ်ရန်ရှိပါကြောင်း၊ တောင်ကြီးမြို့တွင် ဗဟိုအဆင့်ဆေးရုံ နှစ်ရုံ၊ ဆေးတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်းတို့ကို ဖွင့်လှစ်ထားရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပြည်သူ့ဆေးရုံပေါင်း ၆၉ ရုံကို ဖွင့်လှစ်ထားရှိပါကြောင်း၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးကို ၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုအကူအညီဖြင့် စတင်တည်ဆောက်ခဲ့ခြင်းကြောင့် မြန်မာ-ရုရှားချစ်ကြည်ရေးအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ သင်ကြားရေးဆေးရုံကြီးလည်းဖြစ်ကာ ကင်ဆာရောဂါကုသနိုင်သည့် အဓိကဆေးရုံလည်းဖြစ်ပါကြောင်း၊ သုံးထပ်လူနာဆောင်တစ်ခုကိုလည်း ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ကျောက်ကပ်သွေးသန့်စင်ဌာနကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက်လည်း ဝန်ထမ်းအိမ်ရာများကို တိုးချဲ့ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဤဆေးရုံကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးကုသရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးကြရန်၊ လူနာများကို နွေးထွေးပျူငှာစွာ ဆက်ဆံပြီး ပြည်သူများ အားကိုးယုံကြည်ရသည့် ဆေးရုံများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ပြီး ငါးထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် အရေးပေါ်ဆေးကုသမှုဌာန၊ နှလုံးကြွပ်မတ်ကုသဆောင်၊ ဆေးကုသဆောင်၊ ကျောက်ကပ်သွေးသန့်စင်ဌာနတို့တွင် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လူနာများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြသည်။

ယခု ဖွင့်လှစ်သည့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေကျပ် ၂ ဒသမ ၅ ဘီလီယံကျော် (၂၅၉၂ ဒသမ ၅ သန်း) အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရေးပေါ်ကုသမှုဌာနနှင့် စာသင်ခန်းမ၊ ဓာတ်မှန်ဌာန၊ အရိုးကုသဆောင်၊ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုမည့် (Endoscopy) အခန်းနှင့် ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ စာသင်ခန်းများ၊ ခွဲစိတ်ခန်း ငါးခန်းတို့ ပါဝင်ကာ လူနာခုတင်အသစ်များ၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ အရေးပေါ်ဌာနတို့အတွက် လိုအပ်သည့် ဆေးရုံသုံးစက်ပစ္စည်း ကိရိယာများကို ဖြည့်ဆည်းတပ်ဆင်ပေးထားပြီး ဆေးတက္ကသိုလ်-တောင်ကြီး လေးထပ်စာသင်ဆောင်သစ်ကို စုစုပေါင်း ကုန်ကျငွေကျပ် သန်းပေါင်း ၁၄၀၃ သန်းကို အသုံးပြုကာ တည်ဆောက်ခဲ့ခြင်းပြီး ဆေးတက္ကသိုလ်-တောင်ကြီးတွင် ၂၀၂၄ ပညာသင်နှစ်အတွက် ဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းကို စတင်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းသို့ သွားရောက်ကာ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများကို တွေ့ဆုံပြီး သင်ကြားရေးလုပ်ငန်းများနှင့် နေထိုင်စားသောက်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်းသို့ သွားရောက်ကာ သင်တန်းသူ သင်တန်းသားများကို တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယ

သာကျော်

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တာ (၇၆) နှစ် ပြည့်ပါပြီ။ ရက်ကိုလစား၊ လကိုနှစ်စားပြီး အချိန်ကုန်တာတွေ မြန်လိုက်တာဟု ထင်ရပါတယ်။ လွန်ခဲ့တဲ့ ၁၉၄၈ ခုနှစ်က အင်္ဂလိပ်တို့ဆီကနေ လွတ်လပ်ရေးရခဲ့တယ်။ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝကလွတ်မြောက်ပြီး လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့လူမျိုးအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့တယ်။



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပစဉ်။

လွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လက်တွဲရယူပြီး ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ဖို့ သဘောတူခဲ့ကြပါတယ်။ ပြည်ထောင်စုကြီး နိုင်ငံတော်အတွက် အုတ်မြစ်တွေချခဲ့ကြပါတယ်။ လွတ်လပ်ရေးကြီးအတွက် သန္နိဋ္ဌာန်တွေချခဲ့ကြပါတယ်။ ညီညွတ်မှုရဲ့ရလဒ်က အားလုံးလိုလားတဲ့ လွတ်လပ်ရေးရရှိခြင်းပဲဖြစ်ပါတယ်။ အဲဒီအချိန်က သူ့ကျွန်ဘဝက လွတ်မြောက်ပြီး လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့ ပြည်သူတွေအဖြစ်နဲ့ အပျော်ကြီးပျော်ခဲ့ကြပါတယ်။ လွတ်လပ်ရေးအောင်ပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပပြီး အောင်ပွဲခံခဲ့ကြပါတယ်။

### ခါးသီးတဲ့အတွေ့အကြုံများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံရေးသဘောထားကွဲလွဲတာတွေက ပုံစံအမျိုးမျိုးနဲ့ ထွက်ပေါ်လာပါတယ်။ နိုင်ငံရေးသဘောထားကွဲလွဲတာတွေကနေတစ်ဆင့် အချင်းချင်းလက်နက်ကိုင်တိုက်ခိုက်မှုတွေနဲ့ပဲ နိုင်ငံရဲ့ အဖိုးတန်အချိန်တွေ ကုန်ဆုံးခဲ့ရပါတယ်။ ဒီကနေ့အထိလည်း လက်နက်ကိုင်တိုက်ခိုက်တာတွေက ပိုပြီးကျယ်ပြန့်နေပါတယ်။ သဘောကွဲလွဲတာတွေ၊ စိတ်ဝမ်းကွဲတာတွေကြောင့် နိုင်ငံတည်ဆောက်ရေးကို တစိုက်မတ်မတ် မလုပ်နိုင်ခဲ့ပါဘူး။ စီးပွားရေးတွေလည်း ကျဆင်းခဲ့လို့ နိုင်ငံဟာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။ တဖြည်းဖြည်းနဲ့ သူများနောက်ကို ရောက်လာပါတယ်။ နိုင်ငံရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ စိန်ခေါ်မှုတွေ ဖြစ်လာခဲ့ပါတယ်။ နိုင်ငံရေးနဲ့ လုံခြုံရေး မတည်ငြိမ်တဲ့အတွက် စီးပွားရေးကို ထိခိုက်စေခဲ့ပါတယ်။ အဲဒီခါးသီးတဲ့ အတွေ့အကြုံတွေကြောင့်ပြုပြင်ပြောင်းလဲဖို့ အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီအခွင့်အလမ်းတွေကို အသုံးမချနိုင်ခဲ့ကြပါဘူး။

လက်ရှိမှာလည်း ကျယ်ပြန့်လာတဲ့ လက်နက်ကိုင် တိုက်ခိုက်တာတွေက စီးပွားရေးကို ပိုပြီးကျပ်တည်းစေပါတယ်။ ကမ္ဘာမှာဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ တိုက်ခိုက်မှုတွေကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ စီးပွားရေးတွေ ကျပ်တည်းနေတာ၊ တိုးတက်မှုနှုန်းကျဆင်းတာ၊ မရေရာမသေချာမှုတွေ ဖြစ်ပွားနေတဲ့အတွက် အဲဒီဂယက်ကလည်း ပြည်တွင်းအကျပ်အတည်းတွေကို ဖိအားပိုဖြစ်စေလျက်ရှိပါတယ်။ အဘက်ဘက်ကဖြစ်လာတဲ့ ဖိအားနဲ့ အကျပ်အတည်းတွေက စီးပွားရေးမှာ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှု၊ ကုန်သွယ်ရေးကျဆင်းမှုစတဲ့ နောက်ဆက်တွဲအကျိုးဆက်တွေ ဖြစ်ပေါ်စေပါတယ်။ ဒီအကျိုးဆက်တွေကြားမှာ ပြည်သူတွေဟာ ခါးသီးစွာနဲ့ ရုန်းကန်နေကြရပါတယ်။

### နိုင်ငံတည်ဆောက်ရေး

နိုင်ငံတည်ဆောက်ရေးက လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးဟာ နိုင်ငံရဲ့ ရေရှည်စီးပွားရေးတိုးတက်ဖို့၊ လူမှုရေးနဲ့ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အင်စတီကျူးရှင်းတွေကို ဖန်တီးပြီး ခိုင်မာအားကောင်းစေခြင်း ဖြစ်ပါတယ်။ နိုင်ငံတည်ဆောက်ရေးဟာ ကျယ်ပြန့်ပါတယ်။ အဲဒီလုပ်ငန်းစဉ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကဏ္ဍမျိုးစုံပါဝင်ပါတယ်။

နိုင်ငံတည်ဆောက်ရေးဟာ လုံခြုံရေး၊ နိုင်ငံရေးနဲ့ စီးပွားရေးအပေါ်မှာ အခြေခံကြောင်း နိုင်ငံရေးသိပ္ပံပညာရှင် အန်ဒါပါဆင်က ဆိုပါတယ်။ အဲဒီအခြေခံသုံးချက်ခိုင်မာမှသာ အခြားကဏ္ဍတွေကို တည်ဆောက်နိုင်မှာပါ။ ဒါကြောင့် နိုင်ငံတည်ဆောက်ရေးဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အစိတ်အပိုင်းဖြစ်တယ်လို့ ဆိုကြတာ ဖြစ်ပါလိမ့်မယ်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲနဲ့ စီးပွားရေးတိုးတက်အောင် တည်ဆောက်ဖို့ မလွယ်ပါဘူး။ အလားတူပဲ နိုင်ငံရေးနဲ့ စီးပွားရေး မတည်ငြိမ်ဘဲ အခြားကဏ္ဍတွေကို မြှင့်တင်ဖို့ခက်ခဲပါတယ်။

နိုင်ငံရေး၊ လုံခြုံရေးနဲ့ စီးပွားရေးရဲ့ အပြန်အလှန်ဆက်နွယ်နေမှုကို ဒီကနေ့ မြန်မာနိုင်ငံရဲ့ အကျပ်အတည်းတွေမှာ သိသိသာသာ တွေ့မြင်နိုင်ပါတယ်။ လက်ရှိဖြစ်နေတဲ့ မတည်ငြိမ်တဲ့အခြေအနေတွေကြောင့် ကုန်ဈေးနှုန်းတွေလည်း တရိပ်ရိပ် မြင့်တက်နေပါတယ်။ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကျဆင်းမှုတွေ ရင်ဆိုင်နေရပါတယ်။ ဒီတော့ နိုင်ငံရဲ့စီးပွားရေးကဏ္ဍကို ကိုင်တွယ်ဖြေရှင်းဖို့ဆိုရင် နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာတွေနဲ့အတူ တစ်ပြိုင်နက်တည်း ကိုင်တွယ်ဖြေရှင်းရမှာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်က မြန်မာ့အသွင်ကူးပြောင်းရေးမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနဲ့အတူ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ ကဏ္ဍအသီးသီးကို ဟန်ချက်ညီ ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ နှစ်ကာလကြာရှည်နေတဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ အားထုတ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှုနဲ့အတူ တည်ငြိမ်မှုနဲ့ အေးချမ်းမှုရဲ့ အသီးအပွင့်ကို ခံစားခွင့်ရရှိစေခဲ့ပါတယ်။ ရရှိတဲ့ရလဒ်က နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းနဲ့ ပြည်သူလူထုရဲ့ လူမှုဘဝကို မြင့်တက်စေခဲ့ပါတယ်။ အဲဒီပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံရဲ့ ဦးတည်ချက်နဲ့စာရင် ပြည့်စုံတယ်လို့ မဆိုနိုင်ပေမယ့် အတိုင်းအတာတစ်ခုအထိ နိုင်ငံတည်ဆောက်ရေးကို ထိရောက်စေခဲ့ပါတယ်။

ဒီကနေ့မှာလည်း နိုင်ငံတည်ဆောက်ရေးအတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေဟာ များပြားရှုပ်ထွေးလှပါတယ်။ မြန်မာနိုင်ငံအတွက် နိုင်ငံတည်ဆောက်ရေးဟာ ပန်းခင်းလမ်းတစ်ခုဖြစ်ဖို့ မလွယ်ကူပါဘူး။ ရင်ဆိုင်ဖြတ်ကျော်ရမယ့် စိန်ခေါ်မှုတွေများပါတယ်။ ဒီစိန်ခေါ်မှုတွေကြားက အပြုသဘောဆောင်တဲ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်ဖြစ်ဖို့အတွက် ဇွဲစပ်ညှိနှိုင်းတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေအပါအဝင် ပူးပေါင်းဆောင်ရွက်မှုရှိတဲ့ အပြန်အလှန်ဆက်ဆံရေးတွေ အဓိကလိုအပ်မှာဖြစ်ပါတယ်။

### နိုင်ငံရေး အကျပ်အတည်း အဆွယ်အပွား

လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးအကျပ်အတည်းတွေဟာ နိုင်ငံရေးပဋိပက္ခတွေရဲ့ အဆွယ်အပွားတွေဖြစ်ပါတယ်။ နယ်စပ်ဒေသတိုက်ပွဲတွေကြောင့် မြန်မာ့စီးပွားရေးမှာ အဓိကကျတဲ့ နယ်စပ်ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့ပါတယ်။ ကုန်သွယ်ရေးနဲ့ စီးပွားရေးထိခိုက်ကျဆင်းမှုတွေဟာ ပြည်သူလူထုရဲ့ နေ့စဉ်စားဝတ်နေရေး အကျပ်အတည်းတွေကို ဖန်တီးပေးနေပါတယ်။ ဖြစ်စဉ်တစ်ခုနဲ့တစ်ခု ဆင့်ကဲဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေဟာ နောက်ဆုံးနိုင်ငံမတည်ငြိမ်မှုဆီကို ရောက်ရှိလာစေပါတယ်။ တိုက်ပွဲတွေကြောင့် ဖြစ်လာတဲ့ အခြေအနေတွေဟာ စီးပွားရေးလုပ်ကိုင်ဖို့ အခက်အခဲ၊ သယ်ယူပို့ဆောင်ရေးအခက်အခဲ၊ မလုံခြုံမှု၊ စရိတ်စကမြင့်မားမှုစတဲ့ စီးပွားရေးအခွင့်အလမ်းတွေကို အကန့်အသတ် ဖြစ်စေခဲ့ပါတယ်။ ပြည်တွင်းအကျပ်အတည်းတွေကို ရင်ဆိုင်နေရချိန်မှာ နိုင်ငံတကာပိတ်ဆို့မှုတွေနဲ့ ဖိအားတွေဟာ နိုင်ငံရဲ့စီးပွားရေးကို အပြုသဘောမဖြစ်စေခဲ့ပါဘူး။

ဒီလိုအခြေအနေမှာ နိုင်ငံရေးပဋိပက္ခတွေရဲ့ အဆွယ်အပွားတစ်ခုဖြစ်တဲ့ စီးပွားရေးကျပ်တည်းမှု ပြန်လည်ရှင်သန်လာဖို့နဲ့ တိုးတက်လာဖို့ဆိုရင် အခုရင်ဆိုင်နေရတဲ့ အကျပ်အတည်းတွေရဲ့ အကြောင်းရင်းဇာစ်မြစ်တွေကို ဦးစွာဖြေရှင်းကြရမှာ ဖြစ်ပါတယ်။ ဒီလိုစီးပွားရေးအကျပ်အတည်းတွေကို ဖြေရှင်းရာမှာ ဆေးမြီးတိုနဲ့ ဖြေရှင်းလို့မရနိုင်ပါဘူး။ အကျပ်အတည်းတွေဟာ တစ်ခုနဲ့တစ်ခု ကွင်းဆက်လို ချိတ်ဆက်နေပါတယ်။ ဆေးမြီးတိုနဲ့ ဖြေရှင်းတာဟာ ရောဂါလက္ခဏာတွေကို ပျောက်ကောင်းပျောက်နိုင်ပါတယ်။ ဒါပေမဲ့ ရောဂါရဲ့ ဇာစ်မြစ်ကို မကုစားနိုင်ပါဘူး။ ရောဂါဇာစ်မြစ်တွေရှိနေသမျှ ဒီရောဂါတွေက အချိန်မရွေး ပြန်ဖြစ်နေပါလိမ့်ဦးမယ်။ ကမ္ဘာ့စီးပွားရေးဟာလည်း ကိုဗစ်ကပ်ရောဂါ၊ ယူကရိန်းစစ်ပွဲတို့ကြောင့် ကျဆင်းနေပါတယ်။ ဒီဂယက်တွေက မြန်မာ့စီးပွားရေးကို ရေနစ်နေသူ ဝါးကူထိုးသလို ဖြစ်နေပါတယ်။ မြန်မာ့စီးပွားရေးအပေါ် ဒီလိုအဘက်ဘက်က ရိုက်ခတ်မှုတွေကို ကျော်လွှားဖို့နဲ့ ရေရှည်တိုးတက်ဖို့အတွက် လက်တွေ့ကျတဲ့ မူဝါဒတွေချမှတ်ပြီး အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

### စီးပွားရေးအကျပ်အတည်းဖြေရှင်းဖို့

နိုင်ငံတစ်နိုင်ငံမှာ ပဋိပက္ခတွေနဲ့ လက်နက်ကိုင်တိုက်ခိုက်တာတွေ ဖြစ်ပွားလာရင် စီးပွားရေးနဲ့ အခြားကဏ္ဍတွေကို မလွဲမသွေ ထိခိုက်စေပါတယ်။ ဖြစ်နေတဲ့ပဋိပက္ခတွေ ကြာရှည်လာတာနဲ့အမျှ ပဋိပက္ခတွေဟာ နက်ရှိုင်းလာပြီး ဖြေရှင်းဖို့ ခက်ခဲလာတဲ့အပြင် ပဋိပက္ခ ထပ်မံဖြစ်ပွားဖို့ ပိုမိုလွယ်ကူစေပါတယ်။ အဲဒီလိုအခြေအနေတွေဟာ ပြင်ပက စွက်ဖက်လိုသူတွေအတွက် အမြတ်ထုတ်ဖို့ကောင်းတဲ့ အခွင့်အလမ်းကောင်းတွေပါပဲ။ ပြင်ပကနေ ဝင်ရောက်စွက်ဖက်တာတွေ၊ ကြိုးကိုင်ခြယ်လှယ်တာတွေက ပြည်တွင်းရေးကို မီးလောင်ရာလေပင့်ဖြစ်စေလို့ ပဋိပက္ခကို ပိုနက်ရှိုင်းစေပါတယ်။ အင်အားကြီးနိုင်ငံတွေက ဝင်ရောက်စွက်ဖက်လို့ ပဋိပက္ခသံသရာက ရုန်းမထွက်နိုင်တဲ့နိုင်ငံတွေ ကမ္ဘာမှာ အထင်အရှားရှိနေပါတယ်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာလည်း အလားတူပုံစံတွေ ရှိနေပါတယ်။

**“ နိုင်ငံတစ်နိုင်ငံမှာ ပဋိပက္ခတွေနဲ့ လက်နက်ကိုင်တိုက်ခိုက်တာတွေ ဖြစ်ပွားလာရင် စီးပွားရေးနဲ့ အခြားကဏ္ဍတွေကို မလွဲမသွေ ထိခိုက်စေပါတယ်။ ဖြစ်နေတဲ့ပဋိပက္ခတွေ ကြာရှည်လာတာနဲ့အမျှ ပဋိပက္ခတွေဟာ နက်ရှိုင်းလာပြီး ဖြေရှင်းဖို့ ခက်ခဲလာတဲ့အပြင် ပဋိပက္ခ ထပ်မံဖြစ်ပွားဖို့ ပိုမိုလွယ်ကူစေပါတယ်။ အဲဒီလိုအခြေအနေတွေဟာ ပြင်ပက စွက်ဖက်လိုသူတွေအတွက် အမြတ်ထုတ်ဖို့ကောင်းတဲ့ အခွင့်အလမ်းကောင်းတွေပါပဲ။ ပြင်ပကနေ ဝင်ရောက်စွက်ဖက်တာတွေ၊ ကြိုးကိုင်ခြယ်လှယ်တာတွေက ပြည်တွင်းရေးကို မီးလောင်ရာလေပင့်ဖြစ်စေလို့ ပဋိပက္ခကို ပိုနက်ရှိုင်းစေပါတယ်။ အင်အားကြီးနိုင်ငံတွေက ဝင်ရောက်စွက်ဖက်လို့ ပဋိပက္ခသံသရာက ရုန်းမထွက်နိုင်တဲ့နိုင်ငံတွေ ကမ္ဘာမှာ အထင်အရှားရှိနေပါတယ်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာလည်း အလားတူပုံစံတွေ ရှိနေပါတယ် ”**

စာမျက်နှာ ၉ သို့ ☆

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သုံးခွမြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



သုံးခွ ဇန်နဝါရီ ၂

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ညောင်ပင်ခင်တန်း ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက အဖွင့်အမှာစကားပြောကြားရာတွင် ညောင်ပင်ခင်တန်းကျေးရွာသည် အိမ်ခြေ ၁၀၀၊ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၄၈၈ ဦးရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀၃ ဒသမ ၈ သိန်း စုစုပေါင်း ၂၅၃ ဒသမ ၈၀ သိန်းဖြင့် ရွာတွင်းကွန်ကရစ်လမ်းအရှည်ပေ ၁၃၀၀၊ အကျယ် ရှစ်ပေနှင့် အမြင့် ခြောက်လက်မ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သင်းက ကျေးရွာသူကျေးရွာသားများ၏ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ရွာတွင်းကွန်ကရစ်လမ်းအား သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးလင်းမောင်သက်၊ အဖွဲ့ဝင်(၂)ဦးမောင်မောင်သင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# သမဝါယမအသင်းစုလီမိတက်များ၏ အသင်းဆိုင်များက လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ



ကျိုက်ထို ဇန်နဝါရီ ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် ပေါင်မြို့နယ်သမဝါယမအသင်းစုလီမိတက်များ၏ အသင်းဆိုင်များမှ အသင်းသားပြည်သူများ လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းစုများမှ စတိုးဆိုင်၊ ကုန်ပဒေသာဆိုင်၊ ဆန်အရောင်းဆိုင်လုပ်ငန်းများနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ စတီးပစ္စည်းအမျိုးမျိုး ရောင်းချလျက်ရှိသည့်အပြင် သံပန်းသံတံခါးများ တပ်ဆင်ပေးခြင်း၊ အိမ်အလှဆင်ခြင်းစသည့် အိမ်အရောက်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို မြို့နယ်အတွင်း သင့်တင့်သောဈေးနှုန်းများဖြင့် လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၈ မှ

အခုဆို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပဋိပက္ခတွေကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ နိုင်ငံတကာရဲ့ အရေးယူပိတ်ဆို့မှုတွေဟာ အပြုသဘောထက် မြန်မာ့စီးပွားရေးနဲ့ ပြည်သူလူထုအပေါ် ဆိုးကျိုးတွေများစွာ ဖြစ်စေလျက်ရှိပါတယ်။ ၂၀၂၃ ခုနှစ်အတွင်းက စီးပွားရေးပမာဏဟာ ကိုဗစ်ကပ်ရောဂါ မဖြစ်ခင်ကထက် ၃၀ ရာခိုင်နှုန်း ကျုံ့သွားခဲ့တယ်လို့ ကမ္ဘာ့ဘဏ်ကဆိုပါတယ်။ လူတစ်ဦးချင်းစီရဲ့ per capital GDP ဟာ ၁၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ လတ်တလောဖြစ်နေတဲ့ စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်း၊ ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းတွေက အထွေထွေကုန်ဈေးနှုန်းကို မြင့်တက်စေလျက်ရှိပါတယ်။ ကျပ်တည်းလာတဲ့ စီးပွားရေးအခြေအနေကြောင့် မြန်မာနိုင်ငံလူဦးရေရဲ့ ၂၆ ရာခိုင်နှုန်းခန့်ဟာ ဆင်းရဲစွာ နေထိုင်နေရတယ်လို့ ကမ္ဘာ့ဘဏ်က ဆိုပါတယ်။

၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့အဆင်းရဲဆုံး ၂၅ နိုင်ငံမှာ မြန်မာနိုင်ငံဟာ အဆင့် ၂၄ မှာ ရှိနေတယ်လို့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့က ထုတ်ပြန်ထားပါတယ်။ လက်ရှိအခြေအနေတွေအရ မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းဟာ အနည်းငယ်သာ ရှိမယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။ ၂၀၂၄ ခုနှစ် မတ်လအထိ ခန့်မှန်းချက်အရဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ တစ်ရာခိုင်နှုန်းကျော်သာ ရှိမယ်လို့ဆိုပါတယ်။ ဒီအကျပ်အတည်းတွေဟာ နိုင်ငံအတွက် အနုတ်လက္ခဏာတွေဖြစ်ဖို့ ထိရောက်စွာ ကိုင်တွယ်ရမှာဖြစ်ပါတယ်။

**နောက်မကျသေးပါ**

မြန်မာ့နိုင်ငံရေး ပဋိပက္ခတွေနဲ့ပတ်သက်လို့ ပြောဆိုနေကြတာ အပ်ကြောင်းထပ်နေပါပြီ။ ဒါပေမဲ့လည်း ထိရောက်တဲ့ရလဒ်ကတော့ တုံ့ဆိုင်းနေပြီး ပဋိပက္ခတွေနဲ့ပဲ သံသရာလည်နေတုန်းပါ။ မြန်မာနိုင်ငံမှာ လက်ရှိကြုံတွေ့နေရတဲ့ စီးပွားရေးအပေါ် ရိုက်ခတ်မှုတွေဟာ နိုင်ငံရေး အကျပ်အတည်းကြောင့်ဖြစ်ရတဲ့ ဒဏ်ရာဒဏ်ချက်တွေဖြစ်တယ်လို့ ကမ္ဘာ့ဘဏ် အစီရင်ခံစာက ဆိုပါတယ်။ နိုင်ငံရေးအကျပ်အတည်းတွေက မြန်မာ့စီးပွားရေးကို အကျဘက်သို့ ဦးတည်စေလျက်ရှိပါတယ်။ ပဋိပက္ခတွေနဲ့ ရုန်းကန်ခဲ့ရတဲ့နိုင်ငံတွေ၊ စစ်ပွဲကြောင့် ပြာပုံဘဝကနေ တိုးတက်လာတဲ့ နိုင်ငံတွေကို ကြည့်ရင် မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေကို ကိုင်တွယ်ဖြေရှင်းဖို့နဲ့ ပြုပြင်ပြောင်းလဲဖို့ နောက်မကျသေးပါဘူး။ အခွင့်အလမ်းတွေ ရှိနေဆဲပါ။ ဒီအခွင့်အလမ်းတွေ ထိရောက်စွာ အသုံးချဖို့လိုပါတယ်။ တစ်ဖက်မှာ နိုင်ငံရေးကို ကိုင်တွယ်ဖြေရှင်းဖို့လိုသလို တစ်ပြိုင်နက်တည်းမှာလည်း စီးပွားရေးအကျပ်အတည်းတွေကို ဖြေရှင်းရမှာဖြစ်ပါတယ်။

**မင်္ဂလာရှိသောအခါသမယ**

ယခုဆိုလျှင် လွတ်လပ်ရေးရခဲ့တာ ၇၆ နှစ်ရှိပါပြီ။ လွန်ခဲ့တဲ့ ၇၆ နှစ်က လွတ်လပ်ရေးအောင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲခံခဲ့ကြပါတယ်။ အဲဒီအောင်ပွဲဟာ လွတ်လပ်ရေးအတွက် အားလုံးလက်တွဲပြီး မဆုတ်မနစ်ကြိုးစားခဲ့လို့ ရလာတဲ့ ကြီးမားတဲ့ရလဒ်ကြီးဖြစ်ပါတယ်။ လွတ်လပ်ရေးဆိုတဲ့ ရလဒ်ကြီးအတွက် အားလုံးလည်း ပျော်ရွှင်ခဲ့ကြရပါတယ်။ ပြည်သူတစ်ရပ်လုံး ပျော်မဆုံးမော်မဆုံးတဲ့ မင်္ဂလာရှိတဲ့အခါသမယဆိုရင်လည်း မမှားပါဘူး။ အဲဒီလို ပျော်မဆုံးမော်မဆုံးတဲ့မင်္ဂလာအခါသမယကို ပြန်လည်ရောက်ရှိလို့ လာခဲ့ပါပြီ။ နိုင်ငံအတွက် မင်္ဂလာအခါသမယမှာပြည်သူတစ်ရပ်လုံး အေးချမ်းတည်ငြိမ်တဲ့ဘဝတွေ ပိုင်ဆိုင်နိုင်အောင် စစ်မှန်တဲ့စေတနာနဲ့ လက်တွဲကြိုးစားရမယ့်အချိန်လို့လည်း ခံစားမိပါတယ်။

နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ယှဉ်ရင် လူ့ဘဝသက်တမ်းဆိုတာ တိုတိုလေးပါ။ ကိုယ့်တစ်ဘဝစာသက်တမ်းတိုတိုလေးအတွက် ကြည့်ဖို့ထက် နိုင်ငံအတွက် ရေရှည်ကြည့်ကြဖို့ အချိန်တန်ပါပြီ။ တိုးတက်တဲ့နိုင်ငံတွေမှာလည်း အတိတ်က ခက်ခဲမှု၊ ကျပ်တည်းမှု၊ ရုန်းကန်ရမှုနဲ့ ပေးဆပ်မှုတွေ ရှိခဲ့ကြတာပါပဲ။ အဲဒီလို အခက်အခဲတွေကို ညှိနှိုင်းဖြေရှင်းကြရင်းနဲ့ တိုးတက်လာကြပါတယ်။ တိုးတက်နိုင်တဲ့အခွင့်အလမ်းကတော့ ကြိုးစားလိုသူတိုင်းအတွက် အစဉ်အမြဲရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ အကျပ်အတည်းတွေကလည်း အဲဒီအတိုင်းပါပဲ။ နိုင်ငံရေး၊စီးပွားရေးအကျပ်အတည်းတွေ ဖြေရှင်းဖို့၊ ကျော်လွှားဖို့နဲ့ အောင်မြင်ဖို့ အခွင့်အလမ်းတွေရှိနေဆဲပါ။ ဒါကြောင့် အခုလို မင်္ဂလာရှိတဲ့အခါသမယမှာ ပြည်သူအားလုံး ကိုယ်စိတ်နှစ်ပါးချမ်းသာဖို့ လက်တွဲဆောင်ရွက်ကြပါစို့လို့ အပြုသဘောနဲ့ တိုက်တွန်းလိုပါတယ်။ ။

## လွတ်လပ်ရေးအမွေ

❖ နယ်ချဲ့ကောင် အင်္ဂလိပ်က
အတွင်းကျိတ် ကြံစည်ကာ၊
စိုးမိုးရန် အပိုင်တွက်လို့
နိုင်ကွက်ကိုရှာ၊
အဝမ္ဘသမား လူ့မိစ္ဆာ
လူ့သိက္ခာ မစောင့်စည်း။
ထီးချိုးကာ စည်ကိုဖောက်လို့
ဝင်ရောက်ဖျက်ဆီး။

❖ ထီးကျိုးကာ စည်ပါပေါက်တော့
အချုပ်အခြာ အာဏာပျောက်လို့
နယ်ချဲ့အောက် ရောက်ခဲ့ပေ၊
နယ်ချဲ့ဉာဏ် အကြံဆိုးနဲ့
တို့နိုင်ငံ တို့လူမျိုးကို
ချိုးနှိမ်လို့နေ၊
နယ်ချဲ့စုတ် အယုတ်တမာတွေ
တို့မြေက နှင်မောင်း။
ဘီအိုင်အေ မြန်မာ့တပ်မတော်သားတွေနဲ့
ရဟန်းရှင်လူ ပြည်သူအများရဲ့
အင်အားစုပေါင်း။

❖ စိတ်ထားမွန် အထွတ်အမြတ်အတွေးနဲ့
လွတ်လပ်ရေး အရယူ၊
ကိုယ်ခန္ဓာ အသက်သွေးတို့ကို
ပေးအပ်စွန့်လှူ၊
နိုင်ငံအတွက် အလေးမူ
အတွေးတူ တစ်စိတ်တစ်ဝမ်း။
ဇာတိမာန် မျိုးချစ်စိတ်ကို
ဦးထိပ်ဆင်မြန်း။

❖ ဘိုးဘွားတွေ အသက်သွေးနဲ့
လွတ်လပ်ရေး ရခဲ့သည်၊
လွတ်လပ်ရေးအမွေ လက်ဆင့်ကမ်းလို့
လှမ်းချီကြမည်၊
"ပြည်ထောင်စု အဓွန့်ရှည်
တည်တံ့ဖို့ အရေး"။
"တိုင်းရင်းသား စည်းလုံးညီ
ချစ်ကြည်ဖို့ အရေး"။
"အချုပ်အခြာ အာဏာသည်
ကမ္ဘာတည်ဖို့ အရေး"။
နောင်အရှည်မျှော် ကျေစတမ်းရယ်လို့
အကောင်အထည်ဖော် မသေစတမ်းရယ်နဲ့
ထမ်းရွက်စို့လေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်ဖြင့် လူမှုဖူလုံရေးအကျုံးဝင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit) ဖြင့် လူမှုဖူလုံရေးအကျုံးဝင် ဝန်ကြီးဌာနဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လိုအပ်သော ဆေးဝါးကုသမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ နှလုံးအတွက် ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကြည့်ရှုအားပေးသည်။

**ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိ**

လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အကျုံးဝင်အာမခံအလုပ်သမား ၁ ဒသမ ၂ သန်းကျော်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၅၄ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၂၃ ခန်း၊ မီးဖွားဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ/သားဖွားခန်း ၁၂ ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။



အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအာမခံ (Social Insurance) စနစ်အရ လက်ရှိတွင် အာမခံစနစ် ခြောက်မျိုးအနက် နှစ်မျိုးကို အကောင်အထည်ဖော်လျက် အကျိုးခံစားခွင့် ၁၅ မျိုး ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ လစဉ်ထည့်ဝင်ကြေးကို လုပ်ခလစာ တစ်လလျှင်တစ်သိန်းရရှိသည့် အာမခံအလုပ်သမားတစ်ဦးအနေဖြင့် အလုပ်သမား ထည့်ဝင်ကြေးနှစ်ရာခိုင်နှုန်းအတွက် ကျပ် ၂၀၀၀ နှင့် အလုပ်ရှင်မှ သုံးရာခိုင်နှုန်းအတွက် ကျပ် ၃၀၀၀ စုစုပေါင်း ငါးရာခိုင်နှုန်းအတွက် ကျပ် ၅၀၀၀ ပေးသွင်းရပြီး အများဆုံး လုပ်ခလစာ သုံးသိန်းအထိ သတ်မှတ်ထားကာ အလုပ်သမားထည့်ဝင်ကြေး နှစ်ရာခိုင်နှုန်းအတွက် ကျပ် ၆၀၀၀ နှင့် အလုပ်ရှင်မှ သုံးရာခိုင်နှုန်းအတွက် ကျပ် ၉၀၀၀ စုစုပေါင်း ငါးရာခိုင်နှုန်းအတွက် ကျပ် ၁၅၀၀၀ ပေးသွင်းရပြီး လစဉ်ထည့်ဝင်ကြေးပေါ်မူတည်၍ မကျန်းမာမှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ နာရေးစရိတ်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်မစွမ်းဖြစ်မှု အကျိုးခံစားခွင့်၊ အမြဲတမ်းမသန်မစွမ်း အကျိုးခံစားခွင့်နှင့် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် စသည်တို့ကို ခံစားရရှိနိုင်သည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် ဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၂ ရက်မှ ၁၅ ရက်အထိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနရှိ အာမခံအလုပ်သမားများအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များသို့ ကွင်းဆင်းဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ် - တောင်ကြီး ဆေးပညာအခြေခံနှစ် (၁၁/၂၀၂၃)သင်တန်း Orientation နှင့် (၂၀၂၄ ) ပညာသင်နှစ် ဘွဲ့လွန်သင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂**

ဆေးတက္ကသိုလ်- တောင်ကြီး ဆေးပညာအခြေခံနှစ် (၁၁/၂၀၂၃)သင်တန်း Orientationနှင့် (၂၀၂၄) ပညာသင်နှစ် ဘွဲ့လွန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်၉ နာရီက တောင်ကြီးမြို့ ဆေးတက္ကသိုလ်- တောင်ကြီး ဘက်စုံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားသည်။

**ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆေးတက္ကသိုလ် - တောင်ကြီးအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်က လက်ခံရယူပြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအက ဗဟိုအဆင့် ရွှေတံဆိပ်ဆုရရှိခဲ့သည့် တတိယအမ်ဘီဘီအက်စ် (၅/၂၀၂၃)သင်တန်းမှ မစုယွန်းရွှေရည်အား ပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်တို့က လည်းကောင်း၊ ဆေးပညာအခြေခံနှစ် (၁၁/၂၀၂၂)သင်တန်းတွင် လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများကို




ဒုတိယပါမောက္ခချုပ် ဒေါက်တာသဲနုထွေးနှင့် ကထိက/ဌာနမှူးများကလည်းကောင်း၊ ဒုတိယ၊ တတိယအမ်ဘီဘီအက်စ် (၁၂/၂၀၁၉)သင်တန်းတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခဆရာမကြီးများက လည်းကောင်း၊ တတိယ အမ်ဘီဘီအက်စ် (၅/၂၀၂၂)သင်တန်းတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆေးတက္ကသိုလ် – တောင်ကြီး ပါမောက္ခ/ဌာနမှူးများနှင့် ပါမောက္ခဆရာမကြီးများက လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသ

**ရမည်းသင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင် ဦးဆောင်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာမြင့်မြင့်မော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များအဖွဲ့သည် ရမည်းသင်းမြို့နယ် ရွာတန်းသဲကျွန်းကျေးရွာ သစ္စာရတနာခန်းမ၌ ယနေ့နံနက် ၈ နာရီက အခမဲ့ကွင်းဆင်းကုသသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ရမည်းသင်းခရိုင် ကုသရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်က မကူးစက်တတ်သောရောဂါများကိုလည်းကောင်း၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာပြည့်စုံမင်းက သွားနှင့်ခံတွင်း သန့်ရှင်းရေးလုပ်နည်းစနစ်များကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်က သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်တတ်သော ရောဂါများအကြောင်းကိုလည်းကောင်း အသိပညာပေး ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ရွာတန်းသဲကျွန်းအုပ်စုရှိ ပြည်သူ ၅၅၉ ဦးကို အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် စမ်းသပ်စစ်ဆေးကုသနေမှုကို ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ရမည်းသင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြဲ့ချုမြင့်နှင့် အဖွဲ့ဝင်များက အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ရမည်းသင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် သားဖွားအထူးကုသခြင်း ၂၉ ဦး၊ ခွဲစိတ်အထူးကုဌာနတွင် ၂၆ ဦး၊ ကလေးအထူးကုဌာနတွင် ၃၈ ဦး၊ အရိုးအကြောအထူးကုဌာနတွင် ၁၈၁ ဦး၊ သွားနှင့်ခံတွင်းဌာနတွင် ငါးဦး၊ ဓာတ်မှန်ရိုက် ၁၅ ဦး၊ အထွေထွေကုသရာတွင် ၂၅၆ ဦး စုစုပေါင်း ၅၅၀ တို့ကို အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ပြီး ၎င်းတို့အနက် ၂၇ ဦးအား ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့ကာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာမြင့်မြင့်မော်နှင့် အဖွဲ့တို့က မကူးစက်တတ်သောရောဂါနှင့် ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ အား ဝေငှပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးမြို့ နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ပွဲ(ပထမနေ့) ကျင်းပ



ပဲခူး ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ပွဲ (ပထမနေ့)ကို ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဇန်နဝါရီ ၁ ရက် ည ၇ နာရီက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်ရှိ တရားနာပရိသတ်အပေါင်းက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော တရားနာပရိသတ်အပေါင်းက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် သာသနာ့ဓဇဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရ ဟောကြားတော်မူသည့် တရားတော်မြတ်ကို နာယူတော်မူကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဓမ္မကထိကဆရာတော်အား လှူဖွယ်ခြင်းနှင့် ဓမ္မပူဇာ အလှူတော်ငွေများကိုလည်းကောင်း၊ တရားအလှူနာယူကြသည့် သံဃာတော်များအား နဝကမ္မ အလှူငွေများကိုလည်းကောင်း လှူဒါန်းခဲ့ပြီး လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ သုံးညတိုင်တိုင်ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက သာသနာ့ဓဇဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ ကလည်းကောင်း၊ ဇန်နဝါရီ ၃ ရက်တွင် ပဲခူးမြို့ သာသနာ့ဇောတိကစာသင်တိုက် သာသနာ့ဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတဆရာတော်ကလည်းကောင်း ညစဉ် ၇ နာရီတွင် တရားအလှူပေးလှူမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ တိုင်းသံဃာဆောင် (၄၇)နှစ်ပြည့် အလှူတော်မင်္ဂလာအခမ်းအနား တက်ရောက်

ပုသိမ် ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ တိုင်းသံဃာဆောင် (၄၇)နှစ်ပြည့် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံ၏ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းသံဃာဆောင်ဥက္ကဋ္ဌဆရာတော် မြို့မ ဦးကောဝိဒ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တိုင်းသံဃာဆောင်သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသည့် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များ တင်ပြလျှောက်ထားခဲ့ပြီး တာဝန်ရှိသူများကို သံဃာတော်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဆေးဝါးနှင့် ဝေယျာဝစ္စကိစ္စရပ်များအား ပြည့်စုံစွာဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့သည်။ ယင်းနောက် တိုင်းသံဃာဆောင် (၄၇)နှစ်ပြည့် အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်နှစ်တာ ထာဝရငွေပဒေသာပင်အလှူရှင်များအား ဂုဏ်ပြုလွှာများနှင့် တိုင်းသံဃာဆောင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။



**ရှင်းလင်းမိန့်ကြား**

ဆက်လက်၍ တိုင်းသံဃာဆောင် ဥက္ကဋ္ဌဆရာတော် မြို့မဦးကောဝိဒ အရှင်သူမြတ်က တိုင်းသံဃာဆောင်၏ ဆောင်ရွက်မှုများကို ရှင်းလင်းမိန့်ကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သံဃာဆောင်အတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များကို တင်ပြလျှောက်ထားကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ တိုင်းသံဃာဆောင်(၄၇)နှစ်ပြည့် အောင်ပွဲသဘင်အလှူတော်မင်္ဂလာကို ရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုး၍ အခမ်းအနားရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်သော ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ငဝန်ကျွန်းသာ (၁၁)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်

ထန်းတပင် ဇန်နဝါရီ ၂

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကန့်လန့်ကုန်း ကျေးရွာတွင် ကျင်းပသည်။



**ကြည့်ရှုစစ်ဆေး**

ဖွင့်ပွဲအခမ်းအနားတွင် မော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးကြည်နိုင်၊ မော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးငွေတင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြခင်တို့က ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တာဝန်ရှိသူများက ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၉၂ ဒသမ ၈၁၁ သန်းဖြင့် လမ်းအရှည် ၄၅၈၇ ပေ၊ အကျယ် ၁၀ ပေနှင့် ဒုခုနစ်လက်မကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကွန်ကရစ်လမ်း ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်(သင်္ဃန်းကျွန်း)နှင့် သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက သင်္ဃန်းကျွန်းမြို့နယ်ရှိ သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမ ပေါက်ပေါက်က "ထာဝစဉ်မမေ့အပ် ရာဇဝင်နေ့မြတ်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသားသင်တန်းသူများက ၎င်းတို့ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၈၄)ကြိမ်မြောက် ထုတိအနုမောဒနာဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၈၄)ကြိမ်မြောက် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးတင်ဝနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြကာ ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**အနုမောဒနာတရားနာယူ**

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တထံမှ အခမ်းအနားသို့ တက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ယနေ့ ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသက်န်းတော်ရွှေစင်ရွှေပြား အလှူရှင် ၂၇ ဦးက ရွှေပြားအချပ် ၃၀ လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၀၄ ဦး အပါအဝင် စုစုပေါင်း လှူဒါန်းငွေ ၂၅၇၂၃၅၅၀၅၉ ကျပ် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗဟန်းမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့ မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုအုန်းက လွတ်လပ်ရေးနေ့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးခိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသန္တာတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## မိုင်းရယ်မြို့နယ်၌ ယာသီးထပ် ဆောင်းမြေပဲ ငါးမျိုး အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး

မိုင်းရယ် ဇန်နဝါရီ ၂

မိုင်းရယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း စိုက်ပျိုးထားသည့် ယာသီးထပ် ဆောင်းမြေပဲ ငါးမျိုး မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် တစ်ဧက အောင်မြင်ဖြစ်ထွန်းနေမှုကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က ယာသီးထပ်ဆောင်းမြေပဲများ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ပြုစုပျိုးထောင်ခြင်းနည်းလမ်းများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ အကျိုးစီးပွားအတွက် ရည်ရွယ်၍ ရေရှည်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စိုက်ပျိုးရေးရုံးဝင်းအတွင်း စိုက်ပျိုးထားသည့် ယာသီးထပ် ဆောင်းမြေပဲ ငါးမျိုးမှာ မကွေး ၁၀/၁၂/၁၅၊ ဆင်းပဒေသာ(၆)နှင့် ဂျပန်လေးတို့ဖြစ်ပြီး မိုင်းရယ်မြို့နယ်တွင် စိုက်ပျိုးသည့် ယာသီးထပ်ဆောင်းမြေပဲမျိုးမှာ မကွေး ၁၂ နှင့် ဂျပန်လေး နှစ်မျိုးသာ စိုက်ပျိုးကြောင်းနှင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်မှ ထွက်ရှိလာသည့် မြေပဲမျိုးများကို ဒေသတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အကြိုလှုပ်ရှားမှုအဖြစ် ကျင်းပမည့် “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့”အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်း၏ အကြိုလှုပ်ရှားမှုအဖြစ် “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ဆောင်ပုဒ်နှင့်အညီ အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပြိုင်ပွဲဝင်များ၏ဆောင်းပါးများတွင် အောက်ဖော်ပြပါ အဓိကအချက်များ ထည့်သွင်းရေးသားသင့်ပါသည် –

(က) သန်းခေါင်စာရင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူတိုင်းပါဝင်ခွင့်ရသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြည်သူလူထု ဗဟုသုတအဖြစ် သိရှိရန်

(ခ) ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအထိမ်းအမှတ် “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ဆောင်ပုဒ်နှင့်အညီ ပြည်သူများအနေဖြင့် စာရင်းကောက်များ၏ မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပြည်သူများ ပူးပေါင်းကူညီပါဝင်ဆောင်ရွက်နိုင်ရန်

(ဂ) လူဦးရေသန်းခေါင်စာရင်းသည် နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် စာရင်းအင်းအချက်အလက်များ အနက် အဓိကကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူလူထု သိရှိနားလည်ရန်

(ဃ) ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူလူထု ကျယ်ပြန့်စွာ သိရှိလျက် ယင်းလုပ်ငန်း အောင်မြင်စွာ ပြီးမြောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) **အလွတ်တန်းအဆင့်ပြိုင်ပွဲ**

- အသက် ၃၀ နှစ်နှင့်အထက် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ခ) **ဝါသနာရှင်အဆင့်ပြိုင်ပွဲ**

- အသက် ၁၄ နှစ်မှ ၂၉ နှစ်အတွင်း ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၁၀ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

၃။ ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard + Soft Copy)(Word+Pdf) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၂ ပုံ (Passport Size)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၈၇၇၂၄၊ ၀၁-၃၈၁၄၄၉ သို့လည်းကောင်း၊ အီးမေးလ်လိပ်စာ sarpaybeikman.sarpaybeikman@gmail.com သို့လည်းကောင်း ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို စာပေဗိမာန် Website (www.sarpay-beikman-pol.gov.mm) နှင့် Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသောဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရစာမူများကို တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခြင်း မခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

၄။ ဆုရရှိသူများစာရင်းကို အစိုးရသတင်းစာများတွင်လည်းကောင်း၊ စာပေဗိမာန်၏ Website နှင့် Facebook Page များတွင်လည်းကောင်း ကြေညာသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လနောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

**စာပေဗိမာန်**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

# ဂျပန်နိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၄၈ ဦးအထိ ရှိလာ



**တိုကျို ဇန်နဝါရီ ၂**

ဂျပန်နိုင်ငံ အလယ်ပိုင်းနှင့် အနီးတစ်ဝိုက်တွင် အင်အားပြင်းငလျင်များ ဆက်တိုက်လှုပ်ခတ်ပြီးနောက် ဂျပန်အလယ်ပိုင်း အီရှီကာဝါစီရင်စုတွင် ယနေ့မွန်းလွဲ ၃ နာရီခွဲအထိ သေဆုံးသူ ၄၈ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် နောက်ဆက်တွဲငလျင်များ ထပ်မံလှုပ်ခတ်ပြီး ပျက်စီးဆုံးရှုံးမှု သတင်းများလည်း ထပ်မံထွက်ပေါ်လာကြောင်း သိရသည်။

ဂျပန်နိုင်ငံ အီရှီကာဝါစီရင်စုရှိ နိုတိုကျွန်းဆွယ်၌ ဇန်နဝါရီ ၁ ရက်က ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဇန်နဝါရီ ၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၃ မိနစ်တွင် ပြင်းအား ၄ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီအထိ ငလျင်ဒဏ်ခံခဲ့ရသော အီရှီကာဝါနှင့် နီဂါတာစီရင်စုများရှိ နေရာပေါင်း ၉၅၅ ခုတွင် လူပေါင်း ၅၇၃၆၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူး ယိုရှီမာဆာဟာယာရှိက ဇန်နဝါရီ ၂ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ငလျင်ဒဏ်သင့် နိုတိုဒေသရှိ မြို့ပေါင်း ၁၆ မြို့၌ ရေပေးဝေမှု ပြတ်တောက်သွားကြောင်း ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့မှ အရာရှိ ၁၀၀၀ ခန့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငလျင်ဒဏ်သင့်ဒေသများသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အတားအဆီးများကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ဇန်နဝါရီ ၂ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# ဗီယက်နမ်နိုင်ငံက ၂၀၂၄ ခုနှစ်တွင် ငါးတင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရောက်ရှိရန် ရည်မှန်းထား

**ဟနွိုင်း ဇန်နဝါရီ ၂**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် စီးပွားဖြစ် ငါးတန်ချိန် ၁ ဒသမ ၇ သန်း ထုတ်လုပ်ရန်နှင့် ငါးထုတ်ကုန်များ တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိရန် ရည်မှန်းထားကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ဇန်နဝါရီ ၂ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ရေထွက်ပစ္စည်းကဏ္ဍသည် ပြိုင်ဆိုင်မှု ပြင်းထန်လာနေသော ဈေးကွက်ကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်ရန်နှင့် သွင်းကုန်နိုင်ငံများ၏ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများနှင့် နည်းပညာဆိုင်ရာ အကန့်အသတ်များကိုလည်း တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖန်ဒက်တီယန်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအတွက် ငါးများပုံမှန်တင်သွင်းလျက်ရှိသော ဈေးကွက်တစ်ခုဖြစ်သည့် တရုတ်နိုင်ငံသည် တင်သွင်းမှုတိုးလာဖွယ်ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ၏ အစီရင်ခံစာက ဆိုသည်။

ဗီယက်နမ်နိုင်ငံ၏ ငါးတင်ပို့မှုသည် ၂၀၂၃ ခုနှစ်အတွင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံဖိုး တင်ပို့ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် ၂၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗီယက်နမ်အကောက်ခွန်ဌာန၏အဆိုအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အီရန်ရေတပ်၏ Alborz ဖျက်သင်္ဘော ပင်လယ်နီအတွင်းသို့ ဝင်ရောက်

**တီဟီရန် ဇန်နဝါရီ ၂**

အီရန်ရေတပ်၏ Alborz ဖျက်သင်္ဘောသည် ဒေသတွင်း တင်းမာမှုများ မြင့်တက်နေစဉ် Bab el-Mandeb ရေလက်ကြားကို ဖြတ်သန်းပြီးနောက် ပင်လယ်နီအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း တက်စမင်သတင်းအေဂျင်စီက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။ Alborz ဖျက်သင်္ဘောသည် အီရန်ရေတပ်၏ ၉၄ ခုမြောက် စစ်သင်္ဘောဖြစ်ကာ အီရန်ရေတပ်၏ ရေတပ်သင်္ဘောများသည် သင်္ဘောများလုံခြုံရေးနှင့် ပင်လယ်ဓားပြမှုတို့ကို တိုက်ဖျက်ရန် ၂၀၀၉ ခုနှစ်ကတည်းက ကင်းလှည့်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအဖွဲ့က ၎င်း၏ တိုက်ခိုက်ရေးသမား ၁၀ ဦးကို ပင်လယ်နီတွင် အမေရိကန်ရေတပ်က သတ်ဖြတ်ခဲ့သည်ဟု ပြောကြားခဲ့ပြီးနောက် အီရန်ရေတပ်၏ ဖျက်သင်္ဘောသည် ယခုကဲ့သို့ပင်လယ်နီအတွင်း ဝင်ရောက်လာခြင်းဖြစ်သည်။

ပင်လယ်နီအတွင်း ကုန်သွယ်ရေးဆိုင်ရာ သင်္ဘောများ တိုက်ခိုက်ခံနေရကြောင်း သတိပေးချက်လက်ခံရရှိပြီးနောက် ဟူသီစစ်သွေးကြွများကို ချေမှုန်းကာ တိုက်ခိုက်ခံရသည့် သင်္ဘောများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အမေရိကန်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က ပြောကြားသည်။

ဟူသီများသည် မကြာသေးမီရက်သတ္တပတ်များအတွင်း ရေယာဉ်နှစ်ဒါဇင်ခန့်ကို တိုက်ခိုက်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုများသည် ဂါဇာတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကို ရင်ဆိုင်နေရသည့် "ပါလက်စတိုင်းများနှင့်အတူ စည်းလုံးညီညွတ်မှုကို ပြသခြင်းဖြစ်သည်" ဟု ဆိုသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တိုကျိုမြို့ ဟာနာဒါလေဆိပ်၌ လေယာဉ်တိုက်မှုဖြစ်ပွား

**တိုကျို ဇန်နဝါရီ ၂**

တိုကျိုမြို့ ဟာနာဒါလေဆိပ်၌ ဂျပန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ လေယာဉ်တစ်စင်းနှင့်တိုက်မိပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

မီးလောင်မှုဖြစ်ပွားသည့် ဂျပန်လေကြောင်းလိုင်းမှ လေယာဉ်တွင် လိုက်ပါစီးနင်းသည့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ အားလုံး လေယာဉ်ပေါ်မှ အသက်ရှင်လျက် လွတ်မြောက်ခဲ့ကြောင်း ဂျပန်လေကြောင်းလိုင်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။



အဆိုပါ လေယာဉ်သည် ဟော့ကိုင်းဒိုးရှိ New Chitose လေဆိပ်မှ ဟာနာဒါလေဆိပ်သို့ ဆင်းသက်လာသည့် လေယာဉ်အမှတ် ၅၁၆ ဖြစ်ပြီး ၎င်းလေယာဉ်တွင် ကလေးရှစ်ဦးနှင့် လေယာဉ်အမှုထမ်း ၁၂ ဦးအပါအဝင် ခရီးသည် ၃၆၇ ဦး ပါဝင်ကြောင်း ဂျပန်လေကြောင်းလိုင်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဂျပန်လေကြောင်းလိုင်း လေယာဉ်နှင့် တိုက်မိခဲ့သည့် လေယာဉ်မှာ Haneda လေဆိပ်ပိုင် MA722 အမျိုးအစားဖြစ်ကြောင်း သိရသည်။ ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ လေယာဉ်သည် ငလျင်လှုပ်ခတ်မှု ပြင်းထန်ခဲ့သော နီဂါတာစီရင်စုသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန် ပြေးလမ်းပေါ်တွင် စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်းနှင့် ဖြစ်စဉ်ကြောင့် ယင်းလေယာဉ်တွင် တာဝန်ထမ်းဆောင်သည့် အမှုထမ်းခြောက်ဦးအနက် ငါးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ဂါဇာဒေသ၌ ပါလက်စတိုင်းသေဆုံးသူ ၂၁၉၇၈ ဦးအထိ ရှိလာ

**ဂါဇာ ဇန်နဝါရီ ၂**

အောက်တိုဘာ ၇ ရက်မှစတင်ကာ အစ္စရေး-ဟားမတ်စ် ပဋိပက္ခဖြစ်ပွားပြီးနောက် ပါလက်စတိုင်းသေဆုံးသူ ၂၁၉၇၈ ဦးအထိ ရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်း ၁၅၆ ဦး သေဆုံးပြီး ၂၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ရှ်ရက်အယ်လ်ကီဒရာက ပြောကြားသည်။



**ဝန်ထမ်း ၃၂၆ ဦး သေဆုံး**

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံ ၃၅ ရုံအနက် ဆေးရုံ ၃၀ မှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်း ၃၂၆ ဦး သေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂါဇာ ကမ်းမြောင်ဒေသရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ၎င်း၏ဝန်ထမ်းများအား ကာကွယ်ရန် နိုင်ငံတကာအဖွဲ့အစည်းများအား တောင်းဆိုခဲ့ပြီး ပါလက်စတိုင်းနယ်မြေ၏ ဒေသအများအပြားရှိ ကျန်းမာရေးဌာနများ ပြန်လည်စတင်ရန်အတွက် ၎င်း၏ဝန်ကြီးဌာနသည် ကုလသမဂ္ဂအေဂျင်စီများနှင့် ဆွေးနွေးနေပြီဖြစ်ကြောင်း အယ်လ်ကီဒရာက ပြောကြားခဲ့သည်။

ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကြီးမားသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆေးအဖွဲ့များ စေလွှတ်ရန် လိုအပ်ကြောင်းလည်း ၎င်းက အလေးပေး ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အမျိုးသမီးများအား တရုတ်အမျိုးသားနှင့် လက်ထပ်ရန်စည်းရုံးပြောဆိုပြီး ငွေကြေးခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂**

အမျိုးသမီးများအား တရုတ်အမျိုးသားနှင့် လက်ထပ်ရန်စည်းရုံးပြောဆိုပြီး ငွေကြေးခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်နေ သင်းသင်းခိုင်(ခ) အေးသင်းခိုင်နှင့် မအကြီးမ (ခ) ဇင်မာဦး(ခ) မိုင်လေးတို့က ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ မ---၊ ၁၇/၂၀၂၃ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်နေ မ----၊ ၂၇/၂၀၂၃ နှစ်နှင့် ဘိုကလေးမြို့နယ်နေ မ---၊ ၂၃/၂၀၂၃ နှစ်တို့အား တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်အမျိုးသားနှင့်လက်ထပ်ရန် စည်းရုံးပြောဆိုပြီး ငွေကြေးများအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ဟသ်ာတမြို့မ ရဲစခန်း (ပ) ၁၇၄/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့သည်။ အဆိုပါအမှုအား ဟသ်ာတခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးရာကြီးအမှုအမှတ် ၄၂/၂၀၂၃ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ သင်းသင်းခိုင် (ခ) အေးသင်းခိုင်နှင့် မအကြီးမ (ခ) ဇင်မာဦး (ခ) မိုင်လေးတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်နေ သင်းသင်းခိုင် (ခ)အေးသင်းခိုင်နှင့် မအကြီးမ (ခ) ဇင်မာဦး (ခ) မိုင်လေးတို့က တစ်မြို့နယ်တည်းနေ မ ----၊ ၁၄/၂၀၂၃ နှစ်အား တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်အမျိုးသားနှင့် လက်ထပ်ရန် စည်းရုံးပြောဆိုပြီး ငွေကြေးများအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ဟသ်ာတမြို့မရဲစခန်း (ပ)၁၇၅/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့သည်။ အဆိုပါအမှုအား ဟသ်ာတခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးရာကြီး အမှုအမှတ် ၄၉/၂၀၂၃ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ သင်းသင်းခိုင် (ခ) အေးသင်းခိုင်နှင့် မအကြီးမ (ခ) ဇင်မာဦး (ခ) မိုင်လေးတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၄၇/၅)၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် သုည ဒသမ ၇၃၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၈၄၅၇၂ ကျပ်) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Succed ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ ၁၅၄၈၄၅၇၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် PAN PAN Potato Chips ၄၃၀၀၈ ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၃ ဒသမ ၃၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၁၂၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်၆၆၄၄၅၁၂၀ ကိုသိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ဇန်နဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါ ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Cutter Blades ၁၄၅၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၄၇၈၉၂၀)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ရေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Dee Stone Motorcycle Tube ၆၇၀၊ Wonder Cat ကြောင်စာ ကီလိုဂရမ် ၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Citric Acid ကီလိုဂရမ် ၂၀၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၈၈၉၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၉၂၆၁၈၆၁၂ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် လွတ်လပ်ရေး" ခေါင်းစဉ်ဖြင့် ၃-၁-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ပညာဖြင့်တည်ဆောက်ကြရာဝယ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁-၂၀၂၄ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ)(ဒုတိယပိုင်း)
- ၀၉:၃၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၁:၁၀ 'ကမ္ဘာတစ်လွှားအနုပညာသတင်းများ'
- ၁၁:၃၀ ရှုပွဲဝင်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝစကက်ဘောအက်ဆေး'** (အပိုင်း-၄၆)
- ၁၃:၀၀ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၄)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အာရုံ'** (အပိုင်း-၉၃)
- ၁၆:၃၅ မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအမွေ
- ၁၆:၄၅ ရွှေသို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၀၅ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် 'မိုးယံကိုလွင့်ပျံနေမည့်... ထာဝစဉ်တည်တံ့နေသောလွတ်လပ်ရေး'
- ၁၇:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ)(တတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော်(ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) 'သူတော်ကောင်းနတ်ကောင်းမ'
- ၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝစကက်ဘောအက်ဆေး'** (အပိုင်း-၄၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ(ကွက်စိပ်ပြိုင်ပွဲ) **'ဘုရားလောင်းယုန်မင်းဇာတ်'** (ဦးပြည့်ဖြိုးဦး) (ရန်ကုန်တိုင်းဒေသကြီး)
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၅)

**mitv**

- 07:01 Evergreen Classic: Zambudipar (Shwe Yee Win)
- 07:09 Listening Pleasure, Instrumental Music (Myanmar Harp) Latt Swam Pya
- 07:18 Bravocado Benefits
- 07:40 Inlay Traditional Cotton Clothes
- 07:49 Beach Food Delivery
- 08:01 News
- 08:27 A Snake Catcher
- 08:38 Let's go to Hlawga Nature Park
- 09:01 Pride of Myanmar - Bagan arts and handicrafts
- 09:16 Tastes of Home Land: Sour and Spicy Crab
- 09:26 The Mandolinist
- 09:53 Golden Mandalay Hill
- 10:01 News

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** ငါးရံ့နှင့်ဒန့်သလွန်သီးချက်၊ ငါးရှုတ်သီးချက်နှင့်တို့စရာ
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ထပ်အိပ်ဂူမှလင်းလက်လာမည့်ကြယ်ပွင့်လေးများ
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** ချင်းနှင့်ကျန်းမာရေး
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** လီဆူရိုးရာမီးနင်းပွဲ
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ဒဏ္ဍာရီဆန်တဲ့ကြက်ဝူဆီသို့
- **စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** မာလကာသီးမှပေးသောသင်ခန်းစာ
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** ပန်းချီဆရာစောထွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း
- **ချင်း(လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)** ကြက်သားနှင့်ပိန္နဲသီးချက်နည်း
- **ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** ဘုံတလာရေတံခွန်အကြောင်း
- **မွန် (၂၁:၀၀ မှ ၂၂:၀၀)** ဒီရေတောနှင့်ရှင်သန်သူ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၄၅ SPORT MAX
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'**
- ၁၀:၀၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂါတ်ဒီမိုကရေစီ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄)
- ၁၈:၀၀ Economic Review (အပိုင်း-၃၀) 'ထွက်ကုန်ထုတ်ကုန်တိုးတက်ရေး'

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဂုဏ်ယူဝင့်ကြွားတို့လယ်သမား အောင်မြင်ထူးခြား Green Tea တောင်သူရဲ့စွမ်းအား
- ၀၆:၃၅ ဝါတစ်လီစိမ်းတစ်လှည့်ရယ်နဲ့ နီသွေးကြွယ်ပါတဲ့အင်းခရမ်းချဉ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ အနိမ့်ခံချစ်သူ(ဇာတ်လမ်း)
- ၂၂:၀၀ The Dirge Singer (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Football Highlight
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၁၀ Sport Diary

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# လောက်ကိုင်တွင် တပ်မတော်က အဆိပ်သင့်ဓာတုဗုံးဖြင့် တိုက်ခိုက်သည်ဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂

တပ်မတော်က လောက်ကိုင်ဒေသ တာရှေ့ထန်ကို အဆိပ်သင့်ဓာတုဗုံး အသုံးပြုတိုက်ခိုက်ခဲ့ခြင်းကြောင့် ဒေသခံအရပ်သား ၁၀ ဦး အဆိပ်သင့်ပြီး ကလေးငယ် နှစ်ယောက် သေဆုံးခဲ့ရသည်ဟု အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာ DVB နှင့် The Kokang Facebook တို့မှ အွန်လိုင်းမီဒီယာများတွင် မဟုတ်မမှန် ကောလာဟလ သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် တာရှေ့ထန်တွင် အဆိပ်သင့်ဓာတုဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ အနေဖြင့် ယခင်ကလည်း ထိုကဲ့သို့ သတင်းအမှားများဖြင့် ဝါဒဖြန့်တိုက်ခိုက်လေ့ရှိပြီး ယခုတွင်လည်း ထိုကဲ့သို့ မဟုတ်မမှန် သတင်းများကို အချိန်ကိုက် လုပ်ကြံဖန်တီးကာ ဝါဒဖြန့်ချိခြင်းသာဖြစ်ကြောင်း သိရှိရသည်။

လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ ထိခိုက်ကျဆုံးမှု များပြားလာသည့်အချိန်များတွင် အခြေအမြစ်မရှိသော ကောလာဟလ သတင်းအမှားများ ထုတ်လွှင့်နေပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။







သတင်းစဉ်

# ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရဲတပ်ရင်းက ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ဟု သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရဲတပ်ရင်းက ဇန်နဝါရီ ၁ ရက် ညပိုင်းတွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရွှေဂူတောင်ရွာရှိ နေအိမ်တစ်အိမ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသမီး တစ်ဦး သေဆုံးကာ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




## လက်နက်ကြီးပစ်ခတ်မှုမရှိ

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁ ရက်တွင် AA လက်နက်ကိုင် သောင်းကျန်းသူများက အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် ရွှေဂူတောင်ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများရှိကြောင်း သိရှိရပြီး မြောက်ဦးရဲတပ်ရင်းမှ လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း သိရှိရသည်။




အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့ တရုတ်ကျေးရွာအတွင်းသို့ ဇန်နဝါရီ ၁ ရက်က အကြမ်းဖက်သောင်းကျန်းသူများမှ ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကာ အရပ်သား သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် ကျေးရွာ၊ ရပ်ကွက် လူနေအိမ်များအတွင်းမှ ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ လူနေအိမ်များမီးရှို့ခြင်းနှင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများကိုပြုလုပ်၍ အကြမ်းဖက်အားပေး မီဒီယာများမှတစ်ဆင့် တပ်မတော်မှလုပ်ဆောင်သည်ဟု လုပ်ကြံရေးသားဖြန့်ဝေ၍ ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများမှ တပ်မတော်သားများအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ko Ko Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ လယ်တီကွင်းရပ်ကွက်နေ သိန်းမြင့်(ခ) မောင်မောင်အား ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဟသ်ာတမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၅၀ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၀ | ၂၆၀၅ | ၂၅၈၅ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၇၀ | ၂၉၀၀ |
| 95 Ron | ၂၆၅၅ | ၂၇၀၅ | ၂၇၀၅ | ၂၆၆၅ | ၂၇၀၅ | ၂၇၂၅ | ၂၇၁၀ | ၂၆၉၀ | ၂၇၉၀ | ၂၈၀၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၀၉၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၈၀၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၂ | ၂၅၁၄ |
| 95 Ron | ၂၅၃၃ | ၂၆၁၈ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# နှစ်သစ်မှာ ရောင်းပန်း ဝယ်ပန်းတွေ ပွင့်လန်းနိုင်ကြပါစေ ...

**၂၀၂၃ ခုနှစ်ကို နောက်ဆုံးနှုတ်ဆက်တဲ့ ဒီဇင်ဘာလ ၃၁ ရက်နေ့က တနင်္ဂနွေအားလပ်ရက်လည်းဖြစ်၊ ဝန်ထမ်းတွေ လစာထုတ်ပြီးစလည်းဖြစ်တော့ ရပ်ကွက်ဈေးထဲမှာ ခါတိုင်းထက် စည်ကားလိုက်တာဖြစ်ခြင်း။**

ခင်သန်းမြင့်







၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံ Shenzhen မြို့၌ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာအကြီးဆုံး လက်ဖက်ပြပွဲတွင် မြန်မာနိုင်ငံမှ လက်ဖက်ခြောက်ထုတ်ကုန်တစ်ခုဖြစ်သည့် TGT Tea Co., Ltd က အထူးရွှေတံဆိပ် ဆွတ်ခူးစဉ်။

ကုန်ဈေးနှုန်းကတော့ ပန်းပန်လျက်ပါပဲ။ ဆိတ်သားက တစ်ပိဿာ ကျပ်သုံးသောင်း၊ ဝက်သားက တစ်ပိဿာ ကျပ်နှစ်သောင်း၊ ဆိတ်နံရိုးက ကျပ်တစ်သောင်းခွဲ၊ ဒါပေမဲ့ နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုကြမယ့် အဖွဲ့တွေများနေလို့ သားငါးတန်းက တိုးမပေါက်ဘူး။ တီလားဗီးယားငါးတွေ၊ ဆိတ်သား၊ ဝက်သားသည်တွေလည်း လက်မလည်ရှာကြဘူး။

**မီးဖိုချောင်နိုင်ငံရေး**

ဆိတ်သားသည်ကြီးက ဆိတ်သားတွေ၊ ဆိတ်နံရိုးတွေကို စဉ်းတီတုံးပေါ် တဒုန်းဒုန်းခုတ်ထစ်လိုက်၊ "ကင်မှာလား၊ ချက်မှာလား"လို့ မေးလိုက်နဲ့ လက်ရော ပါးစပ်ရောမအားရှာဘူး။ ရှေ့ကနှစ်ပိဿာ၊ သုံးပိဿာ၊ ပိဿာလိုက် သောင်းနဲ့ချီဝယ်နေကြသူတွေကိုစောင့်ရင်း တစ်ခေတ်တစ်ခါက နာမည်ကျော်စာရေးဆရာကြီး သော်တာဆွေရဲ့မီးဖိုချောင် နိုင်ငံရေးဆိုတဲ့ အသုံးအနှုန်းလေးကို အမှတ်ရမိတယ်။ ဆရာကြီးက ကျွန်မတို့လို အိမ်ရှင်မတွေ စဉ်းတီတုံးပေါ်မှာ သားငါးတွေ တဒုန်းဒုန်းခုတ်ထစ်နေရင် တိုင်းပြည်စည်ပင်သာယာဝပြောတာပဲလို့ ရေးခဲ့ဖူးတယ်။

ဟုတ်ပါတယ်။ အိမ်ရှင်မတွေ ပျော်ပျော်ပါးပါး စဉ်းတီတုံးပေါ်မှာ သားငါးတွေ တဒုန်းဒုန်း ခုတ်ထစ်နေနိုင်ဖို့ဆိုတာကလည်း အိမ်ထောင်ဦးစီးတွေ၊ အခြေခံလူတန်းစားတွေ၊ လူလတ်တန်းစားတွေ ဝင်ငွေတိုးတက်မှုဖြစ်မှာပါ။ မိသားစုတစ်စုမှာ ဝင်ငွေထက် ထွက်ငွေက ပိုများနေရင်တော့ ကျပ်တည်းမှာပေါ့။ နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုလည်း ဝင်ငွေထက် ထွက်ငွေကပိုများနေရင် ပို့ကုန်ထက် သွင်းကုန်က ပိုများနေရင် ရုန်းကန်နေရဦးမှာပါပဲ။

ဒါကြောင့်မို့ မိသားစုဝင်ငွေ တိုးတက်စေဖို့ မိသားစုအလိုက်ပိုပြီး ကြိုးစားရှာဖွေကြရမှာဖြစ်သလို နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိလာစေဖို့ဆိုလည်း ပို့ကုန်နှစ်ဆ တိုးမြှင့်ကြဆိုတဲ့အတိုင်း ပြည်ပပို့ကုန်တွေ ပိုမိုတင်ပို့ရောင်းချနိုင်အောင် အားလုံးတက်ညီလက်ညီကြိုးစားကြရမှာဖြစ်ပါတယ်။

**အိန္ဒိယက မြန်မာ့မတ်ပဲနဲ့ ပဲစင်းငုံ တန်ချိန်သန်းနဲ့ချီပြီး ဝယ်ယူဖို့စီစဉ်**

ယခုလတ်တလောမှာပဲ အိန္ဒိယက ပဲလိုအပ်ချက်ကြောင့် မြန်မာ့မတ်ပဲနဲ့ ပဲစင်းငုံတန်ချိန် သန်းနဲ့ချီပြီး ဝယ်ယူဖို့စီစဉ်နေတယ်လို့ သိရတယ်။ အိန္ဒိယနိုင်ငံမှာ မတ်ပဲဈေးနှုန်းက အရင်ထက် ၁၈၊ ၁၉ ရာခိုင်နှုန်း၊ ပဲစင်းငုံက ၄၀ ရာခိုင်နှုန်းလောက်အထိ ဈေးတက်နေတဲ့အပြင် စိုက်ဧကနည်းတာနဲ့ အထွက်နှုန်းလျော့နေတာကြောင့် အိန္ဒိယပြည်တွင်းမှာ စားသုံးမှုဖူလုံစေဖို့နဲ့ ဈေးတက်နေတာကို ထိန်းချုပ်နိုင်ဖို့အတွက် မြန်မာ့မတ်ပဲတန်ချိန် တစ်သန်းနဲ့ ပဲစင်းငုံတန်ချိန် လေးသိန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလနဲ့ဖေဖော်ဝါရီလအတွင်း တင်သွင်းဖို့ စီစဉ်နေတယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းရဲ့ ထုတ်ပြန်ချက်အရ သိရတယ်။ အိန္ဒိယနိုင်ငံရဲ့ ကမ်းလှမ်းမှုအပေါ် ပြည့်မီအောင်တင်ပို့နိုင်ဖို့ အသင်းက အတတ်နိုင်ဆုံးပြင်ဆင် ဆောင်ရွက်သွားမယ်လို့လည်းဆိုတယ်။

၂၀၂၁ ခုနှစ် နှစ်နိုင်ငံ နားလည်မှုသဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံဟာ မြန်မာ့မတ်ပဲတန်ချိန် နှစ်သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန် တစ်သိန်းကို နှစ်စဉ်ဝယ်ယူလျက်ရှိရာကနေ အခုနှစ်မှာတော့ ထပ်မံတိုးမြှင့်ဝယ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ လေးနှစ်ကစပြီး ပြည်ပနိုင်ငံတွေကို မတ်ပဲတန်ချိန် ခုနစ်သိန်းခန့်အထိ တင်ပို့နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံကိုတော့ ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်တွေမှာ ပဲစင်းငုံတန်ချိန် နှစ်သိန်းအထိ တင်ပို့နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

**မြန်မာ့ထောပတ်သီးတွေဝယ်ယူဖို့ ကမ်းလှမ်း**

ဒါ့အပြင် အိန္ဒိယနိုင်ငံ ကုမ္ပဏီတစ်ခုက မြန်မာ့ထောပတ်သီးတွေဝယ်ယူဖို့ ကမ်းလှမ်းလာတဲ့အတွက် စရိတ်သက်သာမယ့်ရေလမ်းခရီးက တင်ပို့နိုင်အောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ကြိုးပမ်းနေတယ်လို့ဆိုတယ်။ အလားတူ တရုတ်နိုင်ငံကိုလည်း မြန်မာ့ထောပတ်သီးတွေ တရားဝင်တင်ပို့နိုင်ဖို့ ကြိုးစားနေတယ်လို့ သိရတယ်။

ထို့အတူ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကတစ်ဆင့် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုး ပြောင်းတန်ချိန် ၄၄၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့တယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရတယ်။ ပြောင်းသီးနှံဟာ ပြည်ပတင်ပို့တဲ့ မြန်မာ့ထွက်ကုန်များအနက် နိုင်ငံခြားဝင်ငွေ ဒုတိယအများဆုံးရရှိတဲ့ ကုန်စည်ဖြစ်တယ်လို့လည်းဆိုတယ်။

ဒါကြောင့်ထင်ပါရဲ့။ မနက်ကဈေးထဲမှာ ပြောင်းဖူးအစိမ်းတစ်ဖူး ကျပ်လေးရာတဲ့။ ကိစ္စမရှိပါဘူး၊ နိုင်ငံခြားဝင်ငွေရရှိမယ့် မြန်မာ့ထွက်ကုန်တွေ ကျွန်မတို့ မစားရလည်း ဘာမှမဖြစ်ပါဘူး။ နိုင်ငံတော်က ဝင်ငွေရမှ ကျွန်မတို့ပြည်သူတွေလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို ပိုပြီးတည်ဆောက်နိုင်မှာ မဟုတ်လား။

**အထူးရွှေတံဆိပ်တစ်ခု ရရှိခဲ့**

အခုလတ်တလော မြန်မာ့ထွက်ကုန်တွေ ကမ္ဘာ့ဈေးကွက်မှာ မျက်နှာပန်းလှနေတယ်လို့ ဆိုရမယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ကနေ ၂၅ ရက်နေ့အထိ တရုတ်နိုင်ငံ Shenzhen မြို့မှာကျင်းပခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာအကြီးဆုံး လက်ဖက်ပြပွဲတွေက တစ်ခုဖြစ်တဲ့ Global Tea Fair Shenzhen (Autumn)– 2023 ပြပွဲမှာ မြန်မာနိုင်ငံက လက်ဖက်ခြောက်ထုတ်ကုန်တစ်ခုဖြစ်တဲ့ TGT Tea Co., Ltd က အထူးရွှေတံဆိပ်တစ်ခု ရရှိခဲ့တယ်လို့ သိရတယ်။

ဒီပြပွဲမှာ နိုင်ငံတကာ ပြခန်းပေါင်း ၄၇၀၀ ကျော် ပါဝင်ပြသခဲ့ကြရာမှာ မြန်မာနိုင်ငံက မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို ဖော်ထုတ်ပြသနိုင်ဖို့ ရည်ရွယ်ပြီး မြန်မာ့လက်ဖက်အသင်းအကူအညီနဲ့ မြန်မာကိုယ်စားပြုပြခန်း ခုနစ်ခန်း ပါဝင်ခင်းကျင်းပြသခဲ့တယ်လို့ဆိုတယ်။ TGT Tea ရဲ့ Jade Leaf ဟာ ယခုနှစ်နဲ့ဆိုရင် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခဲ့တာဖြစ်ပြီး အခုအထူး ရွှေတံဆိပ်ဆုက ကြယ်ငါးပွင့်နဲ့ညီမျှတဲ့ဆုလို့ သိရတယ်။

ကျွန်မတို့မြန်မာတွေ နံနက်တိုင်းစားနေကျ မုန့်ဟင်းခါးကလည်း နိုင်ငံတကာအဆင့်ကို တက်လှမ်းဖို့ ဟန်ပြင်နေပြီ။ အပြည်ပြည်ဆိုင်ရာ Belt & Road အဖွဲ့အစည်းရဲ့ ဆုံးဖြတ်ချက်အရ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ် ဂုဏ်ပြုသတ်မှတ်လိုက်တယ်လို့ သိရတယ်။

ဂုဏ်ပြုလွှာကိုလည်း အပြည်ပြည်ဆိုင်ရာ Belt & Road ဥက္ကဋ္ဌ Mr. Chen Entian က မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးသန်းထွန်းစိုးထံ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့က ရန်ကုန်မြို့ Wyndham Hotel မှာ ပေးအပ်ခဲ့ပါတယ်။

**နိုင်ငံတကာက အသိအမှတ်ပြုလာအောင် စွမ်းဆောင်**

မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးတို့၊ လက်ဖက်တို့၊ မြန်မာ့ထွက်ကုန် ကော်ဖီတို့ကို နိုင်ငံတကာက အသိအမှတ်ပြုလာအောင် စွမ်းဆောင်ပေးတဲ့ အသင်းအဖွဲ့တွေကိုလည်း ကျွန်မတို့ကျေးဇူးတင်ကြရမှာပါ။ ဒီလိုမှမလုပ်ရင် ကျွန်မတို့ နောက်ကျကျန်ရစ်နေဦးမှာ။ လတ်တလောမှာ ထိုင်းနိုင်ငံက ဆုန်ခရန်သင်္ကြန်ပွဲတော်တောင် ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားပြီ မဟုတ်လား။

ဒီနေ့တော့ ကျွန်မလည်း ဆိတ်နံရိုး ငါးထောင်ဖိုးဝယ်ခဲ့တယ်။ ပဲနဲ့ရောချက်ရင် မိသားစု ညမနက်စားလောက်တာပေါ့။ နှစ်သစ်မှာ ဘုရားကို ပန်းကပ်လှူပူဇော်ဖို့အတွက်လည်း ဘုရားပန်းဝယ်ရသေးတယ်။ သပြေတစ်ငုတ် ကျပ်တစ်ထောင်နဲ့ ဂန္ဓမာတစ်စည်း ကျပ်သုံးထောင်ပေးဝယ်ခဲ့တယ်။ အသီးအရွက်ကတော့ ကြက်ဟင်းခါးသီး ဝယ်ခဲ့တယ်။ တစ်လုံးကို ကျပ်ငါးရာတဲ့။ ကျွန်မက "ဒီဈေးမှာ ကြက်ဟင်းခါးသီးက အပေါဆုံးပါလား" လို့ဆိုတော့ ဈေးသည်လေးက ရယ်ပါလေရော။

ဘာပဲပြောပြော ဈေးထဲမှာ ရောင်းသူဝယ်သူတွေတရုန်းရုန်းနဲ့ ဝယ်ကြ ခြမ်းကြ၊ ရောင်းဝယ်ဖောက်ကား စည်ကားနေကြတာ မြင်ရတော့ ကုန်ဈေးနှုန်းကိုမေ့ပြီး စိတ်ထဲမှာ ပျော်သလိုလိုဖြစ်လာတယ်။

လာမယ့် နှစ်သစ်မှာ ပြည်သူတွေဝင်ငွေတိုးတက်ပြီး ရောင်းပန်းဝယ်ပန်းတွေ ယခုထက်ပိုမိုပွင့်လန်းလာကြစေဖို့၊ အစစအရာရာ အဆင်ပြေကြစေဖို့အပြင် မြန်မာပြည်ကြီးလည်း ငြိမ်းချမ်းသာယာဝပြောပြီး မြန်မာ့ထွက်ကုန်ပစ္စည်းတွေ ကမ္ဘာ့ဈေးကွက်မှာ ယခုထက်ပိုပြီး မျက်နှာပန်းလှလှနဲ့ တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်စေဖို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

**❝ အိမ်ရှင်မတွေ ပျော်ပျော်ပါးပါး စဉ်းတီတုံးပေါ်မှာ သားငါးတွေ တဒုန်းဒုန်းခုတ်ထစ်နေနိုင်ဖို့ဆိုတာကလည်း အိမ်ထောင်ဦးစီးတွေ၊ အခြေခံလူတန်းစားတွေ၊ လူလတ်တန်းစားတွေ ဝင်ငွေတိုးတက်မှုဖြစ်မှာပါ။ မိသားစုတစ်စုမှာ ဝင်ငွေထက် ထွက်ငွေက ပိုများနေရင်တော့ ကျပ်တည်းမှာပေါ့။ နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုလည်း ဝင်ငွေထက် ထွက်ငွေကပိုများနေရင် ပို့ကုန်ထက် သွင်းကုန်ကပိုများနေရင် ရုန်းကန်နေရဦးမှာပါပဲ။**

**ဒါကြောင့်မို့ မိသားစုဝင်ငွေတိုးတက်စေဖို့ မိသားစုအလိုက် ပိုပြီး ကြိုးစားရှာဖွေကြရမှာဖြစ်သလို နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိလာစေဖို့ဆိုလည်း ပို့ကုန်နှစ်ဆ တိုးမြှင့်ကြဆိုတဲ့အတိုင်း ပြည်ပပို့ကုန်တွေ ပိုမိုတင်ပို့ရောင်းချနိုင်အောင် အားလုံးတက်ညီလက်ညီကြိုးစားကြရမှာဖြစ် ❞**

# ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၄၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ မြို့တော်ဝန်က သင်တန်းဆင်း အောင်လက်မှတ်နှင့် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိသားစု ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေသည့် မအူကုန်းအားကစားကွင်းသို့ သွားရောက်၍ ထုပ်ဆီးတိုးယှဉ်ပြိုင်နေမှုနှင့် ဘော်လီဘော ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။



ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ကန်တော်ကြီး မြေပဒေသာကျွန်း၌ ကျင်းပသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ သွားရောက်၍ ရေပေးဝေရေးစီမံကိန်းများနှင့် အသိပညာပေးပြကွက်များ၊ သဘာဝမြေဆွေး (Organic Compost) ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် မြေဆွေးရောင်းချရန် ခင်းကျင်းထားမှုများ၊ EM Bokashi ထုတ်လုပ်ပုံအဆင့်ဆင့် ပြခန်းများတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားပြီး ပြပွဲသို့ ပြည်သူများ၊ ဝန်ထမ်းများ လာရောက်လေ့လာနေမှုများကို ကြည့်ရှုအားပေးသည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်၊ ဗဟုသုတရှာမှီးလေ့လာနိုင်ရန်နှင့် တစ်နိုင်တစ်ပိုင် ပန်းအလှစိုက်ပျိုးနိုင်စေရန်အတွက် ပြခန်းစုစုပေါင်း ၃၃ ခန်းအပြင် ပန်းအရောင်းဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများပါ ဖွင့်လှစ်ထားရာ ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း မည်သူမဆို လာရောက်လေ့လာဝယ်ယူအားပေး၍ အပန်းဖြေအနားယူနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

---

## ပင်စင်စားဝန်ထမ်းများအနေဖြင့် ပင်စင်ငွေကို Myanmar Mobile Money အသုံးပြုကာ ထုတ်ယူမှုအရေအတွက် တိုးတက်လာ

ရန်ကုန် ဇန်နဝါရီ ၂

ပင်စင်စားဝန်ထမ်းများအနေဖြင့် ပင်စင်ငွေကို Myanmar Mobile Money အသုံးပြုကာ ထုတ်ယူမှုအရေအတွက် တိုးတက်လာကြောင်း အဆိုပါ ဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

Myanmar Mobile Money အသုံးပြုခြင်းဖြင့် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများသည် ငွေသားကိုင်ဆောင်ရခြင်းမှ ကင်းဝေးစေရုံသာမက မိုဘိုင်းလ်ငွေရေးကြေးရေးဝန်ဆောင်မှုဖြင့် ငွေသားသွင်းခြင်း၊ ငွေသားထုတ်ယူခြင်း၊ ကောင်တာတွင်ငွေလွှဲပေးပို့ခြင်း၊ ငွေလွှဲထုတ်ပေးခြင်း၊ တယ်လီဖုန်းဘီလ်ဝယ်ယူခြင်း၊ အငြိမ်းစားလစာများကိုလည်း ဘဏ်သို့လာရောက်လျှောက်လွှာတင်ခြင်းဖြင့် မြန်မာ့စီးပွားရေးဘဏ် (သို့) MMM က ခန့်အပ်ထားသော ပြင်ပအေးဂျင့်များထံတွင် အငြိမ်းစားလစာကို လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်မည်ဖြစ်သည်။

"ဘယ်ကိုမှ သွားစရာမလိုဘဲနဲ့ လျှောက်လွှာလေးတင်ပြီးသွားရင် ကျွန်တော်တို့က ကိုယ့်ရဲ့ကိုယ်ပိုင်ဖုန်းထဲကို SMS ပို့ပြီးတော့ ကျွန်တော်တို့အေးဂျင့်တွေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ နေရာအနှံ့မှာထုတ်လို့ရပါတယ်။ ၂၁ ရက်နေ့တိုင်းကို ကျွန်တော်တို့ ပို့ပေးတယ်။ ဆင်းကတ်ထဲကို SMS လှမ်းပို့တာဖြစ်တဲ့အတွက် ဖုန်းက ကီးပတ်ကနေ အိုင်ဖုန်းထိရတယ်။ အဲဒီလိုရတာဖြစ်တဲ့အတွက် ဘယ်ဒေသမဆို အဲဒီအကြောင်းကြားစာကို အေးဂျင့်ဆိုင်ကို ပြလိုက်တာနဲ့ ထုတ်လို့ရတယ်။ အသက်ကြီးသူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေအတွက်ဆို အလွန်အဆင်ပြေပါတယ်။ ကိုယ့်ဖုန်းက ကိုယ့်ရဲ့ဘဏ်ပဲပေါ့" ဟု ၎င်းက ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပင်စင်စားများက အဆိုပါနည်းလမ်းကို အသုံးပြုကာ ထုတ်ယူသူဦးရေ တိုးတက်လာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Myanmar Mobile Money အသုံးပြုသူဦးရေ တစ်သောင်းနှစ်ထောင်ကျော်အထိရှိကြောင်း သိရသည်။

"အေးဂျင့်တွေဆီမှာထုတ်တဲ့အခါ လုံခြုံမှုအပြည့်ရှိတယ်။ ဆင်းကတ်ထဲကို ပို့လိုက်တာဖြစ်တဲ့အတွက် Hack လို့လည်း မရဘူး။ လုံခြုံမှုလည်း အပြည့်အဝရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

သစ်တော်

---

## ကွမ်းခြံကုန်းမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအနောက်ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးလွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို မြို့နယ်လုံခြုံရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ရဲကျော်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း ၁၆ ဒသမ ၆ သန်းဖြင့် လမ်းအရှည်ပေ ၅၆၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ကိုဇင်(ပြန်/ဆက်)

---

## လှည်းကူးပညာရေးဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်(ဖောင်ကြီး)တို့၌ အခြေခံစားသောက်ကုန်များ ရောင်းချပေး

လှည်းကူး ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် လှည်းကူးမြို့နယ်ရှိ လှည်းကူးပညာရေးဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ် (ဖောင်ကြီး)တို့၌ ယမန်နေ့နံနက်ပိုင်းက ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအား အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွဋ်နောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ရောင်းချပေးကြပြီး ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၊ ဘဲဥတစ်လုံးလျှင် ငွေကျပ်၂၈၀ နှင့် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဆရာ ဆရာမများ၊



ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများအား ရောင်းချပေးရာ လှည်းကူးပညာရေး ဒီဂရီကောလိပ်တွင် စားအုန်းဆီ ၂၅၄ ပိဿာ၊ ငါး ၁၄ ဒသမ ၃၀ ပိဿာ၊ ကြက်သား ၈ ဒသမ ၁၈ ပိဿာ၊ ကြက်ဥ၊ ဘဲဥ ၃၈ ကတ်နှင့် သမဝါယမကောလိပ် (ဖောင်ကြီး)တွင် စားအုန်းဆီ ပိဿာ ၁၂၀၊ ငါး ၆ ဒသမ ၄၇ ပိဿာ၊ ကြက်သား ၈ ဒသမ ၁၈ ပိဿာ၊ ကြက်ဥ၊ ဘဲဥကတ်၂၀ စုစုပေါင်းစားအုန်းဆီ ၃၅၄ ပိဿာ၊ ငါး ၂၀ ဒသမ ၇၈ ပိဿာ၊ ကြက်သား ၂၂ ဒသမ ၃၀ ပိဿာ၊ ကြက်ဥ၊ ဘဲဥ ၅၈ ကတ်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

---



## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

သထုံ ဇန်နဝါရီ ၂

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် ယမန်နေ့က ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက်စသည့်အခြေခံစားသောက်ကုန်များကို သတ်မှတ်ထားသည့် သက်သာသောဈေးနှုန်းတို့ဖြင့် မြို့နယ်အဆင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီမှ တာဝန်ရှိသူများက သွားရောက်ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ဧည့်မထဆန် တစ်ပြည် ငွေကျပ် ၂၈၀၀၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၅၄၀၀ နှင့် ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ ကုန်ခြောက်စသည့်အခြေခံစားသောက်ကုန်အမျိုးမျိုးတို့ကို သတ်မှတ်ထားသည့် သက်သာသောဈေးနှုန်းတို့ဖြင့် စနစ်တကျ ရောင်းချပေးရာ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ လာရောက်ဝယ်ယူခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမော့လဲ-တခွက်ဖိုး(ပန်တော်မှီ)ကျေးရွာချင်းဆက် ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်

**ဘားအံ ဇန်နဝါရီ ၂**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ရွှေဒုံသမိကုမ္ပဏီနှင့် မြန်မာတိုးတက်ချမ်းသာကုမ္ပဏီတို့က ဆောင်ရွက်ပြီးစီးသော လှိုင်းဘွဲမြို့နယ် ကမော့လဲ-တခွက်ဖိုး (ပန်တော်မှီ)ကျေးရွာချင်းဆက် ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။



**စေတနာအမှန်စိတ်**

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်နေရာမှ တစ်နေရာသို့ ကူးလူးဆက်ဆံသွားလာနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပြီး မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ပေးခြင်းမှာ တိုင်းရင်းသားပြည်သူများအား ဖွံ့ဖြိုးတိုးတက်စေလိုသည့် စေတနာအမှန်စိတ်ကြောင့် ဖြစ်ကြောင်း၊ မိမိဒေသတိုးတက်လာစေရေး အဖျက်အမှောင့်သမားများ၏ စကားနားယောင်မှုမရှိဘဲ မိမိအကျိုးစီးပွား၊ ဒေသအကျိုးစီးပွားများ ဖွံ့ဖြိုးရေးအတွက် အမြင်ကျယ်ကျယ်ဖြင့်ရှုမြင်ပြီး လက်ရှိဆောင်ရွက်ပြီးဖြစ်သော လမ်း/တံတားပိုင်းဆိုင်ရာများအား ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမော့လဲ-တခွက်ဖိုး (ပန်တော်မှီ)ကျေးရွာချင်းဆက် ကတ္တရာထပ်ပိုးလွှာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါလမ်းပိုင်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လှိုင်းဘွဲမြို့နယ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် လင်းရောင်စိန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော တခွက်ဖိုး-ပန်တော်မှီလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ကရင်ပြည်နယ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော လှိုင်းဘွဲ-ပိုင်ကျုံ ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှိုင်းဘွဲ-ပိုင်ကျုံကတ္တရာလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါလမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းဖွင့်ပွဲ ကျင်းပ

**ဝမ်းတွင်း ဇန်နဝါရီ ၂**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သဲတော-ဝမ်းတွင်းလမ်းမကြီး ကွန်ကရစ်ချဲ့ခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၂၇၀၊ အကျယ် ကိုးပေကို ငွေကျပ် ၁၁၉ ဒသမ ၉၀၈ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သောလမ်းအား ယနေ့ နံနက် ၈ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဆွေဦး၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဇေယျာသီရိမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ဇေယျာသီရိ ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ဆက်လက်၍ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်က အမှာစကားပြောကြားပြီး နေပြည်တော်စာပေဝိုင်းနာယက ပခုက္ကူစာပေတစ်သက်တာဆုရှင် ဆရာမကြီး တင်ရီမ(ညောင်ဦး)က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းမှု သမိုင်းကြောင်းများကို ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေး အစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောက်တိုင်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့်ပုံများနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံများ၊ လူငယ်များဗလငါးတန် ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် စာအုပ်စာစောင်များကို ရေလှိုင်းသဏ္ဌာန်ပုံဖော်ခင်းကျင်းပြသခြင်း၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန် ခါးလှည့်ကွင်းဖြင့်ဆော့ကစားခြင်း စသည့်ပျော်ရွှင်ဖွယ်ဂိမ်းများကစား၍ အနိုင်ရရှိသူအား စာရေးကိရိယာနှင့် မုန့်များပေးအပ်ကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



# ပြင်ဦးလွင်မြို့နယ်၌ ထုံးဘို-နောင်လှိုင်-သပြေရေကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ် ဖွင့်လှစ်

**ပြင်ဦးလွင် ဇန်နဝါရီ ၂**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီး၍ ပြင်ဦးလွင်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သော ထုံးဘို-နောင်လှိုင်-သပြေရေ ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏစိုးအောင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ထုံးဘို- နောင်လှိုင်- သပြေရေ ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**အကျိုးပြုမည်**

ယခုဖွင့်လှစ်လိုက်သည့် ထုံးဘို-နောင်လှိုင်-သပြေရေ ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်သည် လမ်းမိုင်အရှည် ဝ/၇ ဒသမ ၅ မိုင်ရှိပြီး အကျိုးပြုကျေးရွာ ခုနစ်ရွာ၊ အကျိုးပြုအိမ်ခြေပေါင်း ၁၂၁၉ အိမ်နှင့် အကျိုးပြုသူဦးရေပေါင်း ၄၉၄၄ ဦး၏ လမ်းပန်းဆက်သွယ်ရေးကို အကျိုးပြုမည်ဖြစ်ကာ ရန်ပုံငွေကျပ်သန်းပေါင်း ၂၃၉ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ City Taxi ယာဉ်များ အဝါရောင်စတေကာကပ်ခြင်း ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် City Taxi ယာဉ်များတွင် အဝါရောင်စတေကာကပ်ခြင်း ဆောင်ရွက်သည့် လုပ်ငန်းစဉ်မှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

ရန်ကုန်မြို့အတွင်းမောင်းနှင်နေသည့် ရန်ကုန်လိုင်စင် City Taxi များ အဝါရောင်စတေကာကပ်ခြင်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ သုံးလကြာ YRTC ဘက်မှ အခမဲ့ကျခံဆောင်ရွက်ပေးနေပြီး သတ်မှတ်ကာလကျော်လွန်ပါက သတ်မှတ်ထားသည့် ဥပဒေအတိုင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် City Taxi များ အစီးရေ ၄၂၀၀၀ မှာ အဝါရောင်ဘေးစတေကာ ကပ်ထားပြီးဖြစ်ကြောင်း သိရသည်။ ယခင်က ရန်ကုန်လိုင်စင်City Taxi များကိုသာ အဝါရောင်ဘေးစတေကာကပ်ရမည်ဟုသတ်မှတ်ထားသော်လည်း နယ်လိုင်စင်ဖြင့်မောင်းနှင်သည့် City Taxi များကိုပါ အဝါရောင်ဘေးစတေကာကပ်ရမည်ဖြစ်ကြောင်း YRTCမှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။ လက်ရှိတွင် နယ်လိုင်စင်ဖြင့် မောင်းနှင်သည့် taxi များပြားလာသည့်အတွက် အားလုံးတန်းတူဖြစ်စေရန် ပြုလုပ်ရခြင်းဖြစ်ကြောင်းလည်း ပြောကြားသည်။

MT

## ကျိန္တလီဒေသတွင် မျိုးသုဉ်းလုနီးပါးကြုံတွေ့နေရသော လိပ်စောင်းလျှား (လိပ်ကမ္ဘာ) တစ်ကောင် လာရောက်ဥချခဲ့သောကြောင့် သဘာဝအတိုင်းစောင့်ရှောက်ထား

ရန်ကုန် ဇန်နဝါရီ ၂

ရခိုင်ပြည်နယ် ကျိန္တလီဒေသတွင် မျိုးသုဉ်းလုနီးပါးကြုံတွေ့နေရသော လိပ်စောင်းလျှား (လိပ်ကမ္ဘာ) တစ်ကောင် တက်ရောက်ဥချခဲ့သောကြောင့်သဘာဝအတိုင်း ထိန်းသိမ်းစောင့်ရှောက်နေကြောင်း ကျိန္တလီဒေသကမ်းနီး ရေလုပ်ငန်း ပူးပေါင်း စီမံခန့်ခွဲရေးအသင်း KIFCA မှ သိရသည်။



ကျိန္တလီဒေသ ကမ်းနီးရေလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှုဧရိယာအတွင်းရှိ ပင်လယ်လိပ်ထိန်းသိမ်းရေးကမ်းခြေ ဇုန်(၃) ဧရိယာအနီးတွင် မျိုးသုဉ်းလုနီးပါးကြုံတွေ့နေရသော လိပ်စောင်းလျှား (လိပ်ကမ္ဘာ) တစ်ကောင်း ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက တက်ရောက် ဥချခဲ့ကြောင်း အထက်ပါအသင်းမှ တာဝန်ရှိသူက ပြောသည်။

"လိပ်စောင်းလျှားက အကောင်လည်း ကြီးတယ်။ အခြားမျိုးစိတ်တွေထက် သားပေါက်နှုန်းကလည်းနည်းတယ်။ မြန်မာနိုင်ငံမှာတွေ့ရတဲ့ ပင်လယ်လိပ် ငါးမျိုးထဲမှာတော်တော်လည်းရှားလာပြီ။ နှစ်သစ်အတွက် သတင်းကောင်းပါ"ဟု ပြောသည်။

ယခုတွေ့ရှိခဲ့သော လိပ်စောင်းလျှား၏ လိပ်ဥအရွယ်အစားမှာ သာမန်လိပ်များ၏ လိပ်ဥအရွယ်အစားထက် နှစ်ဆခန့်ကြီးမားကြောင်း ၎င်းကပြောသည်။

"သာမန်လိပ်ဥတွေက နှစ်စင်တီမီတာ၊ သုံးစင်တီမီတာ အရွယ်အစားသာရှိတာ။ လိပ်စောင်းလျှားရဲ့ လိပ်ဥအရွယ်အစားက အခြားလိပ်ဥတွေထက် နှစ်ဆလောက်ကြီးမားတယ်။ အခုတက်ဥခဲ့တဲ့လိပ်ဥက ခြောက်စင်တီမီတာလောက်ရှိတော့ သူက (သက်ရင့်) လိပ်မကြီးတက်ဥတာဖြစ်နိုင်တယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ပင်လယ်လိပ်မျိုးစိတ်များဖြစ်သော Green Turtle (ပြင်သာလိပ်)၊ Hawkbills Turtle (လိပ်ကြက်တူရွေး)၊ Loggerhead Turtle ( လိပ်ခွေး) Leatherbacks Turtle (လိပ်စောင်းလျှား)နှင့် Olive Ridleys Turtle ( လိပ်လျှောင်း)တို့ကို တွေ့ရှိရသည်။

လက်ရှိကာလ အခက်အခဲများကြားမှMBF အဖွဲ့၏ လမ်းညွှန်ပံ့ပိုးကူညီမှုဖြင့် မိတ်ဖက်အဖွဲ့များဖြစ်ကြသော DoF, RCA, KIFCA အသင်းတို့နှင့်အတူ ဒေသခံများကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး လိပ်ဥကျင်းအား သဘာဝအတိုင်းထားရှိကာ ထိန်းသိမ်းစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

MT

ဓာတ်ပုံ – KIFCA



## ကျောက်တံတားမြို့နယ်၌ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲများ ကျင်းပ

ကျောက်တံတား ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း(PHF) နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း အသိပညာပေး စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်တံတားမြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲများနှင့် ဟောပြောပွဲ အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးရဲနောင်ချစ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာရေးဆရာမ ညွန့်ညွန့်(ကလော)နှင့် စာရေးဆရာမ သင်းလဲ့လဲ့ထွန်းတို့က ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်းသိကောင်းစရာများ၊ ယနေ့လူငယ်များနှင့် လက်တစ်ကမ်းက E – စီးကရက် အန္တရာယ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့်ဆွေးနွေးပြီး ဆေးရွက်ကြီးအစားထိုးရိက္ခာသီးနှံစိုက်ပျိုးခေါင်းစဉ်ဖြင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပရာ Grade –4 နှင့် Grade – 5 ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲမှ ဆုရ ကျောင်းသား ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးသိန်းနိုင်ကလည်းကောင်း၊ ပန်းချီပြိုင်ပွဲမှ ဆုရကျောင်းသား ကျောင်းသူများအား စာရေးဆရာမ ညွန့်ညွန့်(ကလော)၊ စာရေးဆရာမ သင်းလဲ့လဲ့ထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်တို့က ဆုများပေးအပ်ချီးမြှင့်သည်။ အခမ်းအနားအပြီးတွင် ပြသထားသည့် ဆေးလိပ်နှင့်ဆေးရွက်ကြီး အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

ကျိုက်ထို ဇန်နဝါရီ ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ၊ လွတ်လပ်ရေးရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းရမည့်အကြောင်းတို့ကို ဆွေးနွေးဟောပြောပြီး စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးကာ ထူးချွန်သူများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်



စာစောင်များကို ပြသရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

## ၂၀၂၄ ခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် ပြည်တွင်းပြိုင်ပွဲများပြုလုပ်မည့်ကာလ ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနေရှင်နယ်လိဂ်က ယခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့် ပြည်တွင်းပြိုင်ပွဲများပြုလုပ်မည့်ကာလများ ထုတ်ပြန်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၄–၂၀၂၅ ရာသီတွင် လိဂ်ပြိုင်ပွဲလေးခုနှင့် ဖလားပြိုင်ပွဲတစ်ခု ကျင်းပရန် စီစဉ်ထားပြီး မတ်လတွင် စတင်ကျင်းပမည်ဖြစ်သည်။ လာမည့်ရာသီတွင် ပထမဆုံးပြိုင်ပွဲအဖြစ် Myanmar National League Cup ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး မတ်လမှ မေလအတွင်း ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို MNL ကလပ်များအပြင် MNL–2 ကလပ်အသင်းများကိုလည်း ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး စုစုပေါင်း ၂၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ လိဂ်ပြိုင်ပွဲများအဖြစ် MNL အမှတ်ပေးပြိုင်ပွဲ၊ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲနှင့် MNL ယူ–၂၀ လိဂ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မတ်လမှ အောက်တိုဘာလအထိ၊ MNL–2 (ပထမတန်း) ပြိုင်ပွဲကို ဇူလိုင်လမှ ဒီဇင်ဘာလအထိ၊ MNL ယူ–၂၀ လိဂ်ပြိုင်ပွဲကို မေလမှ နိုဝင်ဘာလအထိ၊ MNL ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ ကျင်းပသွားရန် စီစဉ်ထားသည်။ MNL ပြိုင်ပွဲကို လာမည့်ရာသီတွင် ရန်ကုန်မြို့အပြင် တောင်ကြီးနှင့် ပုသိမ်မြို့များတွင်လည်း ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

နောက်ဆုံးကျင်းပသည့် ၂၀၂၃ ရာသီတွင် MNL အမှတ်ပေးပြိုင်ပွဲ၊ MNL–2 အမှတ်ပေးပြိုင်ပွဲနှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲ သုံးခုသာကျင်းပခဲ့သော်လည်း လာမည့်ရာသီတွင် ပြိုင်ပွဲနှစ်ခု ထပ်တိုးကျင်းပခြင်းဖြစ်သည်။

ကိုညီလေး

**ကုန်သွယ် / စီးပွား**

## မြင်းခြံခရိုင်တွင် မိုးကြက်သွန်နီများ စတင်ထွက်ပေါ်

မြင်းခြံ ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် မိုးကြက်သွန်နီများကို ၂၀၂၃ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် တူးဖော်လေ့ရှိကြောင်း၊ မြင်းခြံခရိုင်၌ ၂၀၂၂ ခုနှစ်တွင် မိုးကြက်သွန်နီ ၁၆၃၃ ဧက



စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၌ မိုးကြက်သွန်နီ ၁၇၉၄ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် ၁၆၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် မြို့နယ်အလိုက် ကြက်သွန်နီ စိုက်ပျိုးမှု၊ ရိတ်သိမ်းပြီးစီးမှုနှင့် အထွက်နှုန်းများအနေဖြင့် မြင်းခြံမြို့နယ်တွင် ၈၃၇ ဧက စိုက်ပျိုးခဲ့ပြီး ဒီဇင်ဘာလ(တတိယပတ်) အထိ ရိတ်သိမ်းပြီးစီးမှုမှာ ဧက ၃၄၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ပိဿာ ၂၁၀၀ နှုန်းဖြင့် ပိဿာချိန်ပေါင်း ၇၁၄၀၀၀ ထွက်ရှိခဲ့ကြောင်း၊ တောင်သာမြို့နယ်တွင် ၂၉၅ ဧက စိုက်ပျိုးခဲ့ပြီး ဧက ၁၀၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ပိဿာ ၂၁၀၀ နှုန်းဖြင့် ပိဿာချိန်ပေါင်း ၂၁၀၀၀၀၊ နွားထိုးကြီးမြို့နယ်တွင် ၆၆၂ ဧက စိုက်ပျိုးခဲ့ပြီး ဧက ၂၃၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ပိဿာ ၂၁၀၀ ဖြင့် ပိဿာချိန်ပေါင်း ၄၈၃၀၀၀ ထွက်ရှိခဲ့ကြောင်းနှင့် ကျန်ရှိသောစိုက်ဧကများကို ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

မြင်းခြံခရိုင်အတွင်းရှိ မိုးကြက်သွန်နီများမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ(ဒုတိယပတ်)မှစတင်၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (အသေးစ)တစ်ပိဿာ ငွေကျပ် ၅၀၀၀–၁၂၀၀၀၊ (အလတ်စ) တစ်ပိဿာ ငွေကျပ် ၁၅၀၀၀–၂၂၀၀၀ နှင့် (အကြီးစ) တစ်ပိဿာ ငွေကျပ် ၂၄၀၀၀–၂၇၀၀၀ နှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

# အသေးအဖွဲ့များ

ပီမိုးနှင်း

ရုတ်တရက် ထိတ်လန့်ခြင်းများသည် အသေးအဖွဲများဖြစ်ကြ၏။ ၎င်းတို့ကြောင့် တစ်စုံတစ်ရာဖြစ်ပျက်နိုင်သည်ဟု မထင်တတ်ကြပေ။ သို့သော်လည်း အာရုံကြောများကို ပျက်စီးစေနိုင်လေသည်။ အာရုံကြောများကို အားဆုတ်ယုတ်စေသည့်အရာဟူသမျှသည် သံလိုက်ဓာတ်ကိုအားဆုတ်ယုတ်စေ၏။

ရုတ်တရက် ရပ်တန့်ခြင်းသည် ရှေ့၌တွေ့ရှိရမည့်အတိုင်း များပြားစွာဖြစ်တတ်လေသည်။ ထိုကဲ့သို့ရပ်ခြင်းသည် တစ်ကိုယ်လုံးနှင့်သော်လည်းကောင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုနှင့် သော်လည်းကောင်း သက်ဆိုင်လေသည်။

တုန်လှုပ်ခြင်း၌ ကြောက်ရွံ့ခြင်းနှင့်မဆိုင်ဘဲ လူအများတို့မှာဖြစ်တတ်သော လက်တုန်ခြင်းအလေ့၊ လက်ချောင်းများတုန်လှုပ်ခြင်း၊ ခြေထောက်ငှေ့ယမ်းလှုပ်ရှားခြင်း၊ လက်ချောင်းများ တီးခေါက်ခြင်း၊ ကိုယ်ခန္ဓာတုန်လှုပ်ခြင်းစသည့် အသေးအဖွဲ ကိုယ်လက်အင်္ဂါလှုပ်ရှားခြင်းများ ပါဝင်လေသည်။ လူအများစုတို့မှာ ထိုသို့ လှုပ်ရှား၍နေလေသည်။ နောက်၌ ဖော်ပြလတ္တံ့သော ငြိမ်သက်ခြင်းအလေ့အကျင့်များကို ကျင့်သည့်အခါ လူအများ၌ အများအားဖြင့် တုန်လှုပ်၍နေသည်ကို တွေ့ရလိမ့်မည်။

စာလုံးစက်နှိပ်ခြင်း၊ စာလုံးစက်ကို ကြာကြာနှိပ်သူများသည် မငြိမ်မသက်သော အလေ့ကိုရတတ်လေသည်။ အာရုံကြောများလည်း ဖောက်ပြန်တတ်လေသည်။ သို့သော်လည်း ချောမောပြေပြစ်သက်သာသောနည်းဖြင့် စာလုံးစက်ကို ရိုက်ချေကလှုပ်ရှားခြင်းကိုလည်းကောင်း၊ အာရုံကြောကိုလည်းကောင်း ပျက်စီးစေမည်မဟုတ်ပေ။ စာလုံးနှိပ်နည်းမှာ နှစ်မျိုးရှိ၏။ တစ်မျိုးမှာ ပီယာနိုအတီးကောင်းသူ၏လက်ကဲ့သို့ ပြေပြစ်ချောမောစွာနှိပ်၏။ တစ်မျိုးမှာ မြန်မာပီယာနိုတီးသော လက်ကဲ့သို့ တီးခေါက်သော ပတ္တလားနှင့်တူစွာ စက်ကိုခေါက်၍နှိပ်၏။ ဒုတိယနည်းသည် အသက်ဓာတ်နှင့် လျှပ်စစ်ဓာတ်ကုန်ခန်းစေသောနည်းဖြစ်လေသည်။ ပီယာနိုအတီးကောင်းသောသူ၏ လက်ကဲ့သို့ နှိပ်သူများသည်ကား အလုပ်ကြာသည့်အခါ ခဏမျှမောပန်းတတ်၏။ လျှပ်စစ်အား ညို့ဓာတ်အား ကုန်ခန်းမည်မဟုတ်ပေ။ မိန်းမပျိုများစွာတို့သည် စာလုံးစက်ကို မြန်မာပီယာနိုတီးသကဲ့သို့ တီးခေါက်ရာ အလုပ်များသဖြင့် အာရုံကြောများပျက်စီးလျက် ရောဂါရကြသည်။ ရုတ်တရက်လှုပ်ရှားခြင်းများသည် အသက်ဓာတ်နှင့် သံလိုက်ဓာတ်ကို ပျက်စီးသောအလုပ်များ ဖြစ်ကြလေသည်။

အချို့သောသူများသည် မျက်တောင်ကို လွန်စွာခတ်တတ်ကြ၏။ မျက်တောင်ကို မခတ်ဘဲနေလိုက်လျှင် နေနိုင်မည်။ မနေနိုင်သမျှ ကာလပတ်လုံး သံလိုက်ဓာတ်ကို မရနိုင်ပေ။ ဤသင်ခန်းစာများသည် ဖတ်သူအများတို့အတွက် မျက်လုံးကိုထိန်းခြင်းသည် စစ်ရေးပင်ဖြစ်လေသည်။ အချို့ကား ဤအကျင့်ကို ဖျောက်၍မရဟု ပြောကြ၏။ ဖျောက်၍မရလျှင် ဤညို့ဓာတ်ပညာကို မသင်နှင့်ဟု ကျွန်ုပ်တို့ ဆိုလို၏။ ညို့ဓာတ်ပညာကို လေ့ကျင့်သူရာထောင်မကသောသူတို့သည် ဤအကျင့်ကို နိုင်နင်းကြလေသည်။ သတိထား၍ ချုပ်တည်းလျှင် အကျင့်ကို နိုင်နင်းနိုင်လေသည်။

ပါးစပ်ကိုဟ၍နေခြင်းသည် အားနည်းပါးခြင်း၏ အထိမ်းအမှတ်ပင် ဖြစ်လေသည်။ အသက်အားနည်းက လျှပ်စစ်ဓာတ်အား နည်းပါးလေသည်။ လျှပ်စစ်ဓာတ်အား နည်းပါးပါက ညို့ဓာတ်အားလည်း နည်းပါးလေသည်။ ထိုကဲ့သို့ ပါးစပ်ဟကာငေးမောနေတတ်ခြင်းသည် အားနည်းခြင်း၏ အထိမ်းအမှတ်ဖြစ်လေသည်။ အစာမကြေခြင်းကြောင့်လည်းဖြစ်၏။ အအိပ်ပျက်ခြင်းကြောင့်လည်း ဖြစ်၏။ ထိုအလေ့သည် ရိုင်းသောအလေ့လည်း ဖြစ်၏။ ထိုအလေ့ကိုလည်း သတိထား၍ ဖျောက်ဖျက်က ပျက်နိုင်သည်။ ပါးစပ်ကိုမစေ့ဘဲ အမြဲဟ၍နေသူများသည် လူရိုင်းများဖြစ်ကြလေသည်။ ရိုင်းသောသူတို့၏အလေ့သည် သံလိုက်ဓာတ်ကင်းမဲ့လေသည်။

ရှိုက်ခြင်းသည် အဆုတ်အားနည်းခြင်း၏ အမှတ်ဖြစ်လေသည်။ အသက်ရှူရာ၌ အားမသန်ခြင်း၏ အထိမ်းအမှတ်လည်းဖြစ်၏။ အာရုံကြောများ ပျက်စီး၍ရှိုက်ခြင်းဖြစ်လေသည်။ ၎င်းကိုလည်း ပါးစပ်ဟခြင်းကဲ့သို့ ကုသရာ၏။ ရှိုက်ခြင်းသည် အကျင့်ပါသောအခါ ကိုယ်တိုင်မသိဘဲ အမှတ်မဲ့ ဖြစ်တတ်လေသည်။ ရှိုက်ခြင်းဆိုသည်မှာ အသက်ကို အားနည်းစွာ ကြာကြာရှိုက်ရှူခြင်းဖြစ်လေသည်။ ဤကဲ့သို့သော အပြစ်လေးများသည် ကိုယ်တိုင်မသိဘဲ အမှတ်မဲ့ပေါ်လာတတ်သဖြင့် မိမိနှင့်နီးစပ်သူတစ်ယောက်ယောက်ကို ကြည့်ရှုမှတ်သား သတိပေးရန် မှာကြား၍ထားရမည်။

အသက်ကို တိုတိုရှူခြင်း၊ ၎င်းအပြစ်သည် ခံတွင်းနှင့်အသက်ရှူခြင်း ဖြစ်လေသည်။ ခံတွင်းနှင့်အသက်ရှူခြင်းသည် ကျန်းမာခြင်းကို ပျက်စီးစေ၏။ ကျန်းမာခြင်းပျက်စီးက သံလိုက်ဓာတ်လည်း ပျက်စီးရာ၏။ သံလိုက်ဓာတ် အားကောင်းသူများသည် အသက်ကို နှာခေါင်းမှ လေးလေးနက်နက်ရှူကြ၏။ မောသကဲ့သို့ မရှူကြပေ။

စကားပြောရာ၌ ဆိုင်းရပ်ခြင်း၊ လူတစ်ရာလျှင် ဆိုင်းရပ်ခြင်းမရှိဘဲ ပြောသူသည် တစ်ယောက်တလေမျှမရှိပေ။ ဆိုင်းရပ်သောအခါ၌ အင်္ဂလိပ်စကားပြောသူတို့မှာ “အား”ဟူသော အသံထွက်စေကြ၏။ မြန်မာစကားပြောသူများမှာ“အင်း”၊ “ဟိုဒင်း ပေါ့လေ”ဟူ၍ ပြောတတ်ကြလေသည်။ ဤကားစကားကို ဆိုင်း၍ပြောခြင်းဖြစ်လေသည်။ ဤကဲ့သို့ပြောခြင်းသည် ရှေးဟောင်းနှောင်းဖြစ် အကျိုးအကြောင်းများကို ပြောရာ၌ သာလွန်များပြားလေသည်။ ဤအဖြစ်ကို ပပျောက်စေရန်နည်းမှာ စကားကို ပြေပြေပြစ်ပြစ် အထစ်အငေါ့မရှိဘဲ ပြောခြင်းဖြစ်လေသည်။ ဤနည်းဖြင့် ပပျောက်အောင်မပြုနိုင်က လက်ဟန်ဖြင့် ပြုပြင်ရ၏။ လက်ဟန်ကား ညာလက်ကို ရင်ဘတ်ထက်၌ ကန့်လန့်ထားကာ အပြင်နံဘေးဘက်သို့ ငြိမ်သက်စွာငှေ့ယမ်း၍ ဆန့်ခြင်းဖြစ်လေသည်။

ဤကား စကားဆိုင်းငံ့ခြင်းအစား လက်ကို အသုံးပြုခြင်းဖြစ်လေသည်။ ဤနည်းဖြင့် လက်သည် လေးပေသာသာ ခရီးပေါက်ရောက်လိမ့်မည်။ ထိုအချိန်အတွင်း၌ စကားကို ချောမောပြေပြစ်အောင် ပြောနိုင်လေသည်။ ဤနည်းသည် စကားမသွက်သူများကို အမှန်သွက်စေနိုင်သော နည်းဖြစ်လေသည်။

**❝ ရှိုက်ခြင်းသည် အဆုတ်အားနည်းခြင်း၏ အမှတ်ဖြစ်လေသည်။ အသက်ရှူရာ၌ အားမသန်ခြင်း၏ အထိမ်းအမှတ်လည်းဖြစ်၏။ အာရုံကြောများ ပျက်စီး၍ရှိုက်ခြင်းဖြစ်လေသည်။ ၎င်းကိုလည်း ပါးစပ်ဟခြင်းကဲ့သို့ ကုသရာ၏။ ရှိုက်ခြင်းသည် အကျင့်ပါသောအခါ ကိုယ်တိုင်မသိဘဲ အမှတ်မဲ့ ဖြစ်တတ်လေသည်။ ရှိုက်ခြင်းဆိုသည်မှာ အသက်ကို အားနည်းစွာ ကြာကြာရှိုက်ရှူခြင်းဖြစ် ❞**

(ဆက်လက်ဖော်ပြပါမည်)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

## ယုံစားမှုရှိပါစေ

**“သင့်ကိုယ်သင် မဖြစ်ထွန်းသူဟုထင်လျှင် သင်စိတ်ဓာတ်ကျသူတစ်ဦးဖြစ်လာပေလိမ့်မည်။ တစ်ဖက်တွင်မူ သင့်မှာအောင်မြင်ရန်အစွမ်းအစရှိသည်ဟု သင်ယူဆပါလျှင် သင် နိုးကြားတက်ကြွနေပေမည်။ သင့်ကိုယ်သင် ယုံစားမှုရှိနေရမည်။”**

**စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ(၁၉၂၄-၂၀၁၁)**




လူသားအားလုံးက ဘဝတွင်အောင်မြင်မှုရရှိနိုင်ရန်အတွက် မိမိကိုယ်မိမိ ယုံကြည်မှုရှိရန် အထူးလိုအပ်လှသည်။ အကြောင်းရင်းမှာ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့တွင် အောင်မြင်မှုရရှိရန် ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် ပြည့်စုံအောင်ကြိုးစားနေကြသည့်တိုင် မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်နိုင်သူသည်သာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ကြသည်။

ထို့အပြင် လူ့ဘဝတွင် ကံကောင်းမှုကလည်း များစွာအခရာကျသည်ဟု ဆိုနိုင်ပြန်သည်။ ကံဆိုသည်မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံဟူ၍ရှိပြီး အတိတ်ကံဟူသည်က ဖြစ်ပြီးခဲ့သည်များဖြစ်၍ အတိတ်ကံအကျိုးပေးဟူသည်ကိုမူကား မြင်သာထင်သာမရှိလှဟု ယနေ့ လူငယ်အများစုက လက်ခံထားသည်။ လက်တွေ့ကျသည့် ပစ္စုပ္ပန်ကံအခြေအနေကိုသာ ပိုမိုလက်ခံယုံကြည်ကြသည်။

အဆိုပါပစ္စုပ္ပန်ကံကောင်းမွန်စေရန်အတွက် အကုသိုလ်ဒုစရိုက်ကင်းစင်ပြီး ကုသိုလ်သုစရိုက်ဖြစ်အောင် တည့်မတ်ရန်လည်းလိုအပ်သည်။ သို့မှသာ လက်တွေ့ကုသိုလ်ကံများ ကောင်းမွန်လာပေမည်။

သို့ဆိုလျှင် ကံကောင်းသူ ဖြစ်လာပေတော့မည်။

ကံ၊ ဉာဏ်၊ ဝီရိယဟု ရှိလေရာ ဝီရိယမှာ မိမိကိုယ်တိုင်၏ အားထုတ်မှုဖြစ်ပြီး ကိုယ်တိုင်အားထုတ်မှသာ အကျိုးရလဒ်ကောင်းမည်ဖြစ်သည်။ အားထုတ်နိုင်မှုစွမ်းအားပေါ်မူတည်ကာ ရရှိလာမည့်၊ အကျိုးပေးမည့်ရလဒ်လည်း ကွာခြားမည်ဖြစ်သည်။ ဝီရိယအားနည်းလျှင် ရရှိမည့်အကျိုးရလဒ်သည် အောက်တန်းနောက်တန်းမှာပဲ ဖြစ်နေမည်။ အိပ်ငိုက်တွေဝေပြီး မေ့းစက်နေလျှင်အထက်တန်းသို့အဘယ်မှာတက်လှမ်းနိုင်မည်နည်း။ ဇွဲ၊ လုံ့လ ရှိကြသူများသာလျှင် အခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်ကာ ပန်းတိုင်လှမ်းဆွတ်နိုင်ခြင်းဖြစ်သည်။

ကံ၊ ဉာဏ်၊ ဝီရိယတို့တွင် ဉာဏ်ဟူသည်ကား ကံနှင့် ဝီရိယတို့ကို ဉာဏ်ဖြင့် အကျိုးရှိအောင် စေ့ဆော်ပေးနိုင်မှု၊ မှန်ကန်ကောင်းမွန်စွာတည့်မတ်သည့် စိတ်စွမ်းအားကိုသုံးသပ်ကာ လမ်းညွှန်ပေးနိုင်မှုတို့ကို လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ဆင်ခြင်ဉာဏ်ဖြင့် စိတ်တန်ခိုးကို နှိုးဆွကာ စေ့ဆော်လုပ်ဆောင်နိုင်မှု၊ ရည်မှန်းချက်ပန်းတိုင်ကို ဖြောင့်ဖြောင့်မှန်မှန် ရောက်ရှိစေရန် လှုံ့ဆော်ထိန်းကျောင်းနိုင်မှုလည်းဖြစ်သည်။

သို့ဖြစ်၍ ဇွဲ၊ လုံ့လ၊ ဝီရိယကောင်းရန် အထူးလိုအပ်ပါသည်။

ထို့ကြောင့်ကျောင်းသားကျောင်းသူတို့သည်နံနက်စောစောထပြီး စာကျက်ခြင်းက ဦးနှောက်ရှင်လန်းနေချိန်ဖြစ်၍ ပိုမိုမှတ်မိနိုင်သည်။ လုပ်ငန်းခွင်ဝင်မည့်သူများအတွက်လည်း နံနက်စောစောထကာ လုပ်သင့်သည်များကို လုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းတွင်ကျယ်ပြီး စောစီးစွာပြီးမြောက်နိုင်မည်ဖြစ်သည်။

ယင်းသို့ လုပ်ဆောင်နိုင်ရန် စိတ်ကသာဦးဆောင်၍ စိတ်ကိုခိုင်းစေနိုင်မှုအပေါ်တွင် များစွာမူတည်သည်။

“သင့်ကိုယ်သင် မဖြစ်ထွန်းသူဟုထင်လျှင် သင်စိတ်ဓာတ်ကျသူတစ်ဦးဖြစ်လာပေလိမ့်မည်။ တစ်ဖက်တွင်မူ သင့်မှာအောင်မြင်ရန်အစွမ်းအစရှိသည်ဟု သင်ယူဆပါလျှင် သင် နိုးကြားတက်ကြွနေပေမည်။ သင့်ကိုယ်သင် ယုံစားမှုရှိနေရမည်။”ဟူ၍ ဗြိတိန်နှင့် အိန္ဒိယ စာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီ(M.S.Reddy) က ရေးသားခဲ့သည်ကို ဖတ်မှတ်ဖူးပါသည်။

သို့ဖြစ်၍ မိမိကိုယ်ကို ယုံကြည်မှုသည် အခရာဖြစ်ပေရာ အောင်မြင်ကြီးပွားသူဖြစ်ရမည်ဟူသည့်စိတ်ကို ခိုင်မြဲစွာတည်ဆောက်ပြီး စိတ်တန်ခိုးကို လှုပ်နှိုးကာ မိမိကိုယ်ကို ယုံကြည်မှုရှိနေအောင် ကြိုးစားရမည်လည်းဖြစ်သည်။

ယင်းသို့ မိမိကိုယ်ကိုယုံစားပြီး သေချာသော စေ့ဆော်စိတ်ဖြင့် အတွေးအမြင် သဘောတရားများကို ကမ္ဘာကြည့်ကြည့်မြင်ကာ မိမိကိုယ်တိုင်က ကြိုးစားရုန်းကန်နိုင်ပါမှ၊ အချိန်ရှိခိုက်လုံ့လစိုက်နိုင်ပါမှ၊ အချိန်ကို အကျိုးရှိရှိအသုံးချနိုင်ပါမှ အောင်မြင်မှု၏အသီးအပွင့်တို့ကို ခံစားရပေမည်။ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားရမည်လည်းဖြစ်သည်။

“ကြီးမားသော အောင်မြင်မှုဟူဟူသမျှတို့သည် တိကျသောစေ့ဆော်စိတ်မရှိပါဘဲနှင့် မည်သည့်အခါတွင်မှ မဖြစ်ပေါ်နိုင်” ဟူ၍ ကမ္ဘာကျော် သံမဏိသူဌေးကြီး အင်ထရူးကာနယ်ဂျီကလည်း အတိအလင်းပြဆိုထားပေသည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူသားအားလုံးသည် မိမိကိုယ်မိမိ ယုံစားမှု အပြည့်အဝထားရှိကာ မှန်ကန်တိကျသေချာသော နိုးကြားကြိုးစားမှုတို့ဖြင့် ကျားကုတ်ကျားခဲလုပ်ဆောင်နိုင်ခြင်းအားဖြင့် လက်တစ်ကမ်းတွင်ရှိနေသော အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ပေတော့သည်။ ။

# လူကြီးလူကောင်းဖြစ်ချင်သလား

မောင်ထူးချွန်

လူကြီးလူကောင်းဖြစ်ချင်ရင် စာဖတ်ပါ။ စာများများ ဖတ်ဖို့လိုပါတယ်။

ဘဝမှာ အောင်မြင်တိုးတက်အောင် စာဖတ်ပါ။ ပညာဗဟုသုတကို အသုံးချပြီး လူတကာနဲ့ဆက်ဆံရေး ပြေပြစ်ချောမွေ့ကာ သာယာပြည့်စုံတဲ့ဘဝကိုရရှိအောင် စာဖတ်ပါ။ စာအုပ်ကောင်းတွေကို ရှာဖွေပြီး သေသေချာချာ စေ့စေ့စပ်စပ်နဲ့ နှုန်းနှုန်းနပ်နပ် မှတ်သားကျင့်သုံးတတ်အောင်ဖတ်ပါ၊ မှတ်ပါစတဲ့ စာဖတ်ခြင်းနဲ့ပတ်သက်လို့ ကောင်းကျိုးရရှိမှုတွေက ဒုနဲ့ဒေးလို့ ဆိုရမှာပေါ့။

အမေရိကန်ပြည်ထောင်စုရဲ့ (၁၆) ဦးမြောက်သမ္မတဖြစ်လာတဲ့ အေဘရာဟင်လင်ကွန်းဆိုတာ မူလဘဝက ဆင်းရဲသားကျေးတောသားပဲ။ ကျောင်းစာပညာ မူလတန်းလောက်သာသင်ဖူးတာ။ ဒါပေမဲ့ စာဖတ်တာတော့ တော်တော်ဖွဲကြီးတယ်။ စာအုပ်စာပေဖတ်ရှုပြီး သူ့ဘဝကို ပြုပြင်ပျိုးထောင်တာပဲ။ နိုင်ငံရေးအမတ် ဖြစ်လာတယ်။ နောက်ဆုံးမှာတော့ သမ္မတ ဖြစ်လာတယ်။ သူ့လက်ထက်မှာ အမေရိကန်ပြည်ထောင်စု ပြိုကွဲရတော့မယ့်အန္တရာယ် ဖြစ်လာတယ်။ တောင်ပိုင်းနဲ့ မြောက်ပိုင်း ပြည်တွင်းစစ်ဖြစ်လာတဲ့အခါ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးကို အောင်မြင်စွာ စွမ်းဆောင်ပြနိုင်ခဲ့တယ်။ အတန်းပညာဘာမှမရှိလှတဲ့ သမ္မတကြီး လင်ကွန်းက တက္ကသိုလ်ဘွဲ့ရပညာတတ်၊ ပညာရှိ၊ ဝန်ကြီးတွေ၊ ဗိုလ်ချုပ်ကြီးတွေ မလုပ်နိုင်တဲ့ အရည်အချင်းကို ထုတ်ဖော်ပြနိုင်ခဲ့တယ်ကွယ့်။

စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးပါပဲ။

ဘယ်တက္ကသိုလ်မှ တက်ခဲ့ဖူးတာမဟုတ်ပါ။

သမ္မတကြီး အေဘရာဟင်လင်ကွန်းရဲ့ မိန့်ခွန်းတွေထဲမှာ ဂန္ထဝင်စာပေထဲက အဆီအနှစ်တွေ အများကြီးပါလေ့ရှိတယ်။ စာအုပ်တွေကို ကျေညက်နေအောင် သေသေချာချာ အထပ်ထပ်ဖတ်ခဲ့တာကိုး။ အမေရိကန်ပြည်သူလူထုက သမ္မတအဆက်ဆက်ထဲမှာ လင်ကွန်းကို အခုထိ ပိုပြီးချစ်ကြ၊ လေးစားကြတုန်းပဲလို့ သိရတယ်။

ဘာဖြစ်လို့လဲ။

လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝလို့ပဲလို့ ဆိုရမယ်။

အဲဒါတွေကို သူ့ခမျာ ကျောင်းကမရခဲ့ရှာဘူး။ စာပေလေ့လာဆည်းပူးခြင်းကသာ ရယူခဲ့ရတာဖြစ်တယ်။ ဒါကြောင့် လူကြီးလူကောင်းဖြစ်ချင်ရင် စာဖတ်ပါ။ ဘဝမှာ အောင်မြင်တိုးတက်အောင် စာဖတ်ခြင်းကသာ ပေးစွမ်းနိုင်တယ်လို့ စာပေလေ့လာမှု အတွေ့အကြုံတွေအရ ရဲရဲကြီးအာမခံလိုက်ပါတယ်။



စာပေဖတ်ရှုရာမှာလည်း အနှစ်သာရရှိတဲ့ ဂန္ထဝင်စာပေ၊ ကမ္ဘာကျော်ဝတ္ထု၊ ကမ္ဘာ့ပညာရှင်ကြီးတွေ ဟောပြောခဲ့ကြတဲ့အဆိုအမိန့်တွေ၊ ကမ္ဘာကျော် အောင်မြင်ထင်ရှားသူတွေရဲ့ အတ္ထုပ္ပတ္တိစာပေတွေ၊ ထင်ရှားတဲ့ ဘဝအောင်မြင်ရေးလမ်းညွှန်စာပေတွေကို ရွေးချယ်ဖတ်ရှုလေ့လာရမယ်။ ဒါမှသာ အောင်မြင်တဲ့ဘဝရရှိဖို့ တည်ဆောက်ရာမှာ တွေးခေါ်ဆင်ခြင်မှု၊ အားကျအတုယူနိုင်မှု၊ ကြီးပွားချမ်းသာနည်းနာတွေကို မှတ်သားလိုက်နာ လေ့ကျင့်နိုင်ပြီး မိမိကိုယ်တိုင်လည်း လှပတင့်တယ် အောင်မြင်တဲ့ဘဝကို ဖန်တီးတည်ဆောက်နိုင်မှာဖြစ်တယ်။

ဒါကြောင့် စာပေဟာ မိတ်ဆွေကောင်း၊ စာပေဟာ လက်တွဲဖော်အစစ်ပေါ့ကွယ်။ စာပေကို မိတ်ဆွေဖွဲ့ပြီး စာပေနဲ့ထိတွေ့ ရင်းနှီးကျွမ်းဝင်မှုရှိအောင် ကြိုးစားရပေမပေါ့။

“စာဖတ်ခြင်းမှရတဲ့အတွေ့အကြုံ(သုတ)ကို မိမိရဲ့ လက်တွေ့ဘဝ ပြဿနာ အတွေ့အကြုံ(မုတ)တွင် အသုံးချဖြေရှင်းနိုင်စွမ်းရှိခြင်းဟာ ပညာပင်ဖြစ်တယ်။”

မျက်မမြင်၊ နားမကြား အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလား (၁၈၈၀–၁၉၆၈)က ရေးသားဖော်ပြခဲ့တာပေါ့။ ဟယ်လင်ကဲလားဆိုတာ ဟားဗက်တက္ကသိုလ်က ပထမဆုံးဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ခံရတဲ့ မျက်မမြင်၊ နားမကြား အမေရိကန်စာရေးဆရာမတစ်ဦးပဲ။ မျက်မမြင်စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောသူနဲ့ စာရေးသူအဖြစ်လည်း ထင်ရှားတဲ့သူတစ်ယောက်ပေါ့ကွယ်။

စာပေလေ့လာဖတ်ရှုမှုကြောင့် ရရှိလာနိုင်တဲ့ တန်ဖိုးကြီးမားပုံကို မျက်မမြင်၊ နားမကြား အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလားရဲ့ ကိုယ်တွေ့အောင်မြင်တဲ့ဘဝဖြတ်သန်းမှုက သက်သေပြနေတာပဲလေ။

ဒါကြောင့် ကနေ့ မျိုးဆက်သစ်တွေဖြစ်တဲ့ မောင်တို့မယ်တို့ အပါအဝင် လူတိုင်းလူတိုင်းဟာ စာပေကို အကျွမ်းတဝင်ဖြစ်အောင် ချဉ်းကပ်ပြီး စာပေကို မွေ့လျော်ကာ စာပေလေ့လာဖတ်ရှုခြင်းကို လက်တွေ့လုပ်ဆောင်ကြဖို့ လိုအပ်တယ်။ အဲဒီကမှတစ်ဆင့် စာပေဖတ်ရှုခြင်းကနေရရှိတဲ့ အတွေးအမြင်၊ အယူအဆ၊ ဆင်ခြင်တုံတရား၊ ဆုံးဖြတ်ချက်ပြတ်သားမှု၊ သည်းခံစိတ်နှင့် စွန့်လွှတ်အနစ်နာခံမှု၊ ကိုယ်ချင်းစာမှု၊ နားလည်သိတတ်တဲ့ အတွေးအခေါ် စတာတွေကို နေရာတကျ စည်းစနစ်ကျနစွာ အံဝင်ခွင်ကျ သုံးစွဲတတ်လာမှာဖြစ်တယ်။

ဒီအချက်ဟာ လူတစ်ဦးချင်းစီအတွက် များစွာအရေးပါတဲ့အပြင် လူကြီးလူကောင်းဆန်မှုမှာလည်း များစွာထိရောက်ပါတယ်။

လူတစ်ယောက်ဟာ အတန်းပညာမှာ ဘီအေ၊ အမ်မ်အေ၊ ဘီအက်စ်စီ၊ အမ်မ်အက်စ်စီစတဲ့ ဘာဘွဲ့တွေပဲရခဲ့ရခဲ့ လူ့ဘဝမှာ လူရိုသေ၊ ရှင်ရိုသေ မိမိဘဝကို မထူထောင်နိုင်ဘူးဆိုရင် ပညာတကယ်မတတ်သူလို့ ဆိုရမယ်။ နွားကျောင်းသား၊ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ပါစေ စာပေဖတ်လို့ အသိ၊ အလိမ္မာ ပညာတွေတိုးပြီး လက်တွေ့ဘဝမှာ ကြိုးစားမှုကြောင့် ချမ်းသာကြွယ်ဝလာတယ်၊ အလှူဒါနမျိုးစေ့ချနိုင်တယ်၊ ပရဟိတစိတ်နဲ့ ကူညီရိုင်းပင်းနိုင်တယ်၊ ကုသိုလ်တွေလည်း များစွာပြုနိုင်တယ်ဆိုရင် သူဟာ ဘွဲ့မရခဲ့ပေမယ့် ပညာကြောင့် ထွန်းကားလာသူလို့ ဆိုရမှာပါပဲ။ အဲဒါဟာ စာဖတ်လို့ပဲပေါ့။

မောင်တို့မယ်တို့အနေနဲ့ လူကြီးလူကောင်းဖြစ်ချင်ရင် စာဖတ်ပါ။ စာများများဖတ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်ကွယ်။ ။

# လူငယ်များနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းစွမ်းအား

အောင်မြတ်စည်သူ

ဒီနေ့ခေတ်ဟာ သတင်းအချက်အလက်နည်းပညာ လျင်လျင်မြန်မြန် တိုးတက်နေတဲ့ခေတ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအိုင်တီနည်းပညာခေတ်ကြီးမှာ လူငယ်တွေအနေနဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းအားရှိဖို့ လိုအပ်ပါတယ်။

ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်း (Critical Thinking) ဆိုတာ အချက်အလက်တွေကို ဓမ္မဓိဋ္ဌာန်ကျကျနဲ့ ယုတ္တိရှိရှိ အဓိပ္ပာယ်ကောက်ယူနိုင်တဲ့ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်တဲ့စွမ်းရည် ဖြစ်ပါတယ်။ အဲဒါကြောင့် ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းဟာ လူငယ်တွေကို ရှုပ်ထွေးတဲ့ စိန်ခေါ်မှုတွေကို ကျော်ဖြတ်နိုင်စေပါတယ်။ ပြီးတော့ စိတ်ကူးယဉ်ဆန်တဲ့အချက်တွေကို ခွဲခြားပြီး ဆုံးဖြတ်ချက်တွေချဖို့ စွမ်းအားလည်း ပေးပါတယ်။ ဝေဖန်ပိုင်းခြားနိုင်တဲ့ တွေးခေါ်မှုစွမ်းရည်ကို မြှင့်တင်ခြင်းဟာ လူငယ်တွေကို လွတ်လပ်စွာ တွေးခေါ်တတ်ဖို့၊ ယူဆချက်တွေကို မေးခွန်းထုတ်ဖို့နဲ့ ကိရိယာတွေ တပ်ဆင်ပေးပါတယ်။ ဒါဟာ သတင်းအချက်အလက်တွေကို ဝေဖန်ပိုင်းခြားပြီး ချဉ်းကပ်တတ်ဖို့၊ ရှုထောင့်မျိုးစုံကို ထည့်သွင်းစဉ်းစားတတ်ဖို့နဲ့ ဘက်စုံအကဲဖြတ်မှုတွေကို အားပေးပါတယ်။ လူငယ်တွေကြားမှာ ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းအားတွေ မွေးမြူခြင်းဖြင့် ၎င်းတို့ကို အမြဲတစေပြောင်းလဲနေတဲ့ ရှုပ်ထွေးတဲ့လူ့အဖွဲ့အစည်းမှာ ရှင်သန်ကြီးထွားလာစေပြီး တွေးခေါ်မြော်မြင် ပိုင်းခြားသိမြင်နိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်လာစေဖို့ ပြင်ဆင်ပေးပါတယ်။

ဝေဖန်ပိုင်းခြားတွေးခေါ်မှုဆိုတာ ကျိုးကြောင်းဆီလျော်စွာ ဆုံးဖြတ်ပြီး အသိဉာဏ်ရှိတဲ့ ဆုံးဖြတ်ချက်တွေချမှတ်ဖို့ အချက်အလက်တွေကို ဓမ္မဓိဋ္ဌာန်ကျကျ ခွဲခြမ်းစိတ်ဖြာခြင်းနဲ့ အကဲဖြတ်ခြင်းရဲ့ စိတ်ပိုင်းဆိုင်ရာလုပ်ငန်းစဉ် ဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှုမှာ ခွဲခြမ်းစိတ်ဖြာခြင်း၊ အကဲဖြတ်ခြင်း၊ ကျိုးကြောင်းဆင်ခြင်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်းအပါအဝင် အဓိကကျတဲ့ အစိတ်အပိုင်းအမျိုးမျိုး ပါဝင်ပါတယ်။ ခွဲခြမ်းစိတ်ဖြာခြင်းမှာ ရှုပ်ထွေးတဲ့ စိတ်ကူးစိတ်သန်းတွေ ဒါမှမဟုတ် အချက်အလက်တွေကို သေးငယ်တဲ့ အစိတ်အပိုင်းတွေအဖြစ် ခွဲခြမ်းခြင်းပါဝင်ပါတယ်။ အကဲဖြတ်ခြင်းမှာ အချက်အလက် ဒါမှမဟုတ် ငြင်းခုံမှုတွေအပေါ်မှာ ယုံကြည်စိတ်ချရမှု၊ ဆက်စပ်မှုနဲ့ အရည်အသွေးတွေကို အကဲဖြတ်ခြင်း ပါဝင်ပါတယ်။ ကျိုးကြောင်းဆင်ခြင်ခြင်းဟာ သက်သေအထောက်အထားတွေနဲ့ ယုတ္တိရှိရှိ တွေးခေါ်မှုအပေါ် အခြေခံပြီး ကောက်ချက်ဆွဲနိုင်တဲ့ စွမ်းရည်ဖြစ်ပါတယ်။ ပြဿနာဖြေရှင်းခြင်းဟာ ဝေဖန်ပိုင်းခြားတဲ့ တွေးခေါ်မှုစွမ်းရည်ကို အသုံးပြုပြီး စိန်ခေါ်မှုတွေကို ဖော်ထုတ်ဖြေရှင်းခြင်း ပါဝင်ပါတယ်။

ဝေဖန်ပိုင်းခြားတွေးခေါ်မှုဟာ လွတ်လွတ်လပ်လပ်တွေးခေါ်မှု၊ ဆန်းသစ်ဖန်တီးနိုင်မှုနဲ့ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုကို မြှင့်တင်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ ဒါဟာ လူတစ်ဦးချင်းစီရဲ့ ယူဆချက်တွေကို မေးခွန်းထုတ်ဖို့ သမားရိုးကျဉာဏ်ပညာကို စိန်ခေါ်ဖို့နဲ့ မတူကွဲပြားတဲ့အမြင်တွေကို ရှာဖွေဖို့ အားပေးပါတယ်။

လူငယ်တွေအနေနဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို အသုံးချခြင်းဖြင့် ဆန်းသစ်တဲ့စိတ်ကူးတွေ ဖန်တီးနိုင်တယ်။ ပြဿနာဖြေရှင်းနည်းတွေ ရှာဖွေနိုင်တယ်။ ပွင့်လင်းပြီး လိုက်လျောညီထွေရှိတဲ့ စိတ်သဘောထားနဲ့ အခြေအနေတွေကို ချဉ်းကပ်နိုင်တယ်။ လူငယ်တွေရဲ့ သိချင်စိတ်ပြင်းပြမှု၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုနဲ့ လိုက်လျောညီထွေ လုပ်ဆောင်နိုင်မှုတွေကို မြှင့်တင်ပေးခြင်းဖြင့် လူငယ်တွေရဲ့ ဉာဏ်ရည်တိုးတက်မှုကို မြှင့်တင်ပေးပါတယ်။ အဲဒါကြောင့် လူငယ်တွေမှာ ဝေဖန်ပိုင်းခြားတတ်တဲ့ တွေးခေါ်မှုရှိလာရင် လူ့အဖွဲ့အစည်း တိုးတက်မှုအတွက် တက်ကြွစွာ ပါဝင်ကူညီသူတွေ ဖြစ်လာစေမှာ အမှန်ပါပဲ။

ယနေ့ခေတ်ဟာ ဒစ်ဂျစ်တယ်ခေတ် ဖြစ်လာပြီး သတင်းအချက်အလက်တွေကို စနစ်တကျ သုံးစွဲတတ်ဖို့ အရေးကြီးလာပါတယ်။ များပြားလှတဲ့ အကြောင်းအရာတွေထဲမှာ သတင်းတု၊ သတင်းမှားနဲ့ သတင်းမှန်တွေကို ခွဲခြားလေ့လာဖို့ အရေးကြီးတဲ့ တွေးခေါ်မှုစွမ်းရည်ဟာ မရှိမဖြစ် လိုအပ်လာပါတယ်။ လူငယ်တွေအနေနဲ့ ယုံကြည်ရလောက်တဲ့ အရင်းအမြစ်တွေကို ပိုင်းခြားသိမြင် ခွဲခြားတတ်ဖို့လိုပါတယ်။ အွန်လိုင်းမှာ တွေ့ကြုံနေရတဲ့ အကြောင်းအရာတွေအပေါ် ပိုင်းခြားသိမြင်စဉ်းစားနိုင်ဖို့ လိုပါတယ်။ လူငယ်တွေအနေနဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို အသုံးချပြီး အပြန်အလှန် အကိုးအကား အချက်အလက်တွေနဲ့၊ မတူကွဲပြားတဲ့အမြင်တွေနဲ့ သတင်းရင်းမြစ်တွေကို အကဲဖြတ်နိုင်ရမှာ ဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှု အရည်အချင်းတွေရှိလာရင် လူငယ်တွေဟာ မှန်ကန်စွာဆုံးဖြတ်နိုင်ပြီး ရှုပ်ထွေးတဲ့ပြဿနာတွေကို ကောင်းစွာနားလည်သဘောပေါက်လာမှာ ဖြစ်ပါတယ်။

ပညာရေးမှာလည်း လူငယ်တွေရဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ ပညာရေးအဆင့်တိုင်းမှာ ဝေဖန်ပိုင်းခြားတွေးခေါ်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေ ပေါင်းစပ်ခြင်းဟာ အလွန်အရေးကြီးပါတယ်။ အပြန်အလှန် တုံ့ပြန်မှုနဲ့ စူးစမ်းမှုကို အခြေခံတဲ့ သင်ယူမှုနည်းလမ်းတွေဟာ ကျောင်းသားလူငယ်တွေအတွက် အချက်အလက်တွေကို မေးခွန်းထုတ်တတ်စေပါတယ်။ ခွဲခြမ်းစိတ်ဖြာမှုနဲ့ ဆန်းစစ်သုံးသပ် အကဲဖြတ်နိုင်မှုတို့ကို အားပေးခြင်းဖြင့် ကျောင်းသားလူငယ်တွေအတွက် အကျိုးကျေးဇူးများစွာ ရှိပါတယ်။ ဒီနည်းလမ်းတွေဟာ ဘာသာရပ်တွေကို ပိုမိုနက်ရှိုင်းစွာ နားလည်စေပြီး ပြဿနာဖြေရှင်းခြင်းစွမ်းရည်ကို မြှင့်တင်ပေးပါတယ်။ လူငယ်တွေရဲ့ လွတ်လပ်တဲ့တွေးခေါ်မှုစွမ်းရည်ကိုလည်း မြှင့်တင်ပေးပါတယ်။

ကျောင်းသားလူငယ်တွေဟာ ဆွေးနွေးပွဲတွေမှာ မိမိတို့ရဲ့ အတွေးအမြင်တွေကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆို ဆွေးနွေးနိုင်ပါတယ်။ မတူကွဲပြားတဲ့ အမြင်တွေကို နားထောင်ပြီး ကျိုးကြောင်းသင့်တဲ့ ငြင်းခုံဆွေးနွေးမှုမှာ ပါဝင်နိုင်တဲ့ အလေ့အကျင့် ပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ ပညာရေးမှာ ဆရာတွေဟာ ကျောင်းသားလူငယ်တွေရဲ့ တက်ကြွတဲ့ထိတွေ့ဆက်ဆံမှုကို လွယ်ကူချောမွေ့စေဖို့ ကူညီပေးရမှာ ဖြစ်ပါတယ်။ လူငယ်တွေရဲ့ ဝေဖန်ပိုင်းခြားတဲ့မေးခွန်းတွေကို တွန်းအားပေးခြင်းဖြင့် ဝေဖန်ပိုင်းခြားနိုင်တဲ့ တွေးခေါ်မှုစွမ်းရည်ကို ပြုစုပျိုးထောင်ခြင်းဟာ ဆရာတွေရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍ ဖြစ်ပါတယ်။ ဒီနည်းနဲ့ လူငယ်တွေရဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဉာဏ်ရည်ဉာဏ်သွေးနဲ့ စူးစမ်းလေ့လာလိုစိတ်တွေ တိုးပွားလာအောင် ဆရာတွေက ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ခေတ်လူငယ်တွေကို ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည် မြှင့်တင်ပေးဖို့ ပြုစုပျိုးထောင်ခြင်းဟာ အလွန်အရေးကြီးပါတယ်။ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းဟာ လူငယ်တစ်ဦးချင်းစီရဲ့ အသိဉာဏ်နဲ့ ဆုံးဖြတ်ချက်ချဖို့ ကူညီပံ့ပိုးပေးပါတယ်။ ရှုပ်ထွေးတဲ့ ပြဿနာတွေကို ဖြေရှင်းတတ်ဖို့နဲ့ အမြဲပြောင်းလဲနေတဲ့ ကမ္ဘာကြီးကိုလေ့လာဖို့ စဉ်းစားသုံးသပ်နိုင်စွမ်းကို ပေးပါတယ်။ ဒီလိုနဲ့ လူငယ်တွေဟာ သတင်းအချက်အလက်တွေကို ဓမ္မဓိဋ္ဌာန်ကျကျ ခွဲခြမ်းစိတ်ဖြာနိုင်မှု၊ မိမိယူဆချက်တွေနဲ့ မေးခွန်းထုတ်နိုင်မှုနဲ့ အထောက်အထားတွေကို အကဲဖြတ်သုံးသပ်နိုင်မှုတွေနဲ့အတူ ယနေ့ခေတ်ရဲ့ စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်လာမှာ ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းဟာ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနဲ့ အခြေအနေတွေနဲ့အညီ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စွမ်းကို တိုးတက်စေပါတယ်။ လူငယ်တွေရဲ့ ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုနဲ့အတူ လူ့အဖွဲ့အစည်းကို အပြုသဘောဆောင်တဲ့ စွမ်းရည်တွေနဲ့ ပိုမိုတောက်ပတဲ့ အနာဂတ်ကို ပုံဖော်နိုင်တဲ့ မနက်ဖြန်ရဲ့ တွေးခေါ်သူများဖြစ်လာမှာ အမှန်ပါပဲ။ ။

# အခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ဘားအံ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံတန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဘားအံခရိုင် လူထုအခြေပြုခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ ကရင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးကြည်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက သင်တန်းသား သင်တန်းသူများအနေဖြင့် ယခု သင်တန်းက သင်ကြားပေးလိုက်သည့် သစ်သီးများ ထုတ်ကုန် အမျိုးမျိုးပြုလုပ်ပုံများကို လေ့လာ သင်ယူပြီးသည့်အတွက် အိမ်တွင်း တစ်ပိုင်တစ်နိုင် စီးပွားရေးများ လုပ်ကိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးကြည်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးမှ လက်ခံရယူပြီး ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက သင်တန်း ထုတ်ကုန်ပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

**ခရိုင်(ပြန်/ဆက်)**



# ပျဉ်းမနားမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းမှုသမိုင်းကြောင်းများနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ယင်းနောက် တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျောက်တိုင်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့်ပုံများနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံများ၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြပြီး စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန် ခါးလှည့်ကွင်းဖြင့် ဆော့ကစားခြင်း စသည့်ပျော်ရွှင်ဖွယ်ဂိမ်းများကစားကြကာ အနိုင်ရရှိသူများအား တာဝန်ရှိသူများက စာရေးကိရိယာနှင့် မုန့်များပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ (၇၆ )နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**ကျိုက်ထို ဇန်နဝါရီ ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ(ဇေယျာမွန်)၌ ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိခင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေး ဆွေးနွေးဟောပြောသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေးနှင့် စာဖတ်ရိန်မြှင့်တင်ရေး စာအုပ်စာပေများ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်အသိပညာပေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ကလောမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်းပေါင်း ၃၅၀ ထုတ်ချေး

**ကလော ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်းပေါင်း ၃၅၀ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက နောင်ရဲကျေးရွာအုပ်စု လေးအိမ်ကုန်းကျေးရွာ၌ ထုတ်ချေးပေးသည်။

ဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး



ဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက လေးအိမ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက လေးအိမ်ကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသား အသင်းသူ ၁၁၆ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ဒုတိယအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**

☆ **နယူးကာဆယ်အသင်းမှ**

ပြိုင်ပွဲအရပ်ရပ်နောက်ဆုံး ပင်နယ်တီကန်သွင်းခွင့် ၁၀ ကြိမ်မှာ လေးကြိမ်အထိ ဂိုးမဝင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် ၄၉ မိနစ်နဲ့ ၈၆ မိနစ်(ပင်နယ်တီ)တို့မှာ မိုဟာမက်ဆာလာက နှစ်ဂိုး၊ ၇၄ မိနစ်မှာ ဂျုံးစ်က တစ်ဂိုးနဲ့ ၇၈ မိနစ်မှာ ဂတ်ပိုက တစ်ဂိုး သွင်းယူပေးခဲ့ပြီး နယူးကာဆယ်အသင်းအတွက် ချေပဂိုးနှစ်ဂိုးကိုတော့ ၅၄ မိနစ်မှာ အီဆက်က တစ်ဂိုး၊ ၈၁ မိနစ်မှာ ဘော့မန်းက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အိမ်ကွင်းအန်ဖီးလ်မှာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၂ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီး ပရီမီယာလိဂ်နောက်ဆုံးအိမ်ကွင်း ၅၂ ပွဲမှာလည်း တစ်ပွဲသာရှုံးနိမ့်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# တနင်္သာရီမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးအခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

**တနင်္သာရီ ဇန်နဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်စေရန်၊ အမျိုးသမီးများစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျော့ကျစေရေး တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အမျိုးသမီးအခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အဆိုပါ အမျိုးသမီးအခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းရီက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲများမှ ဒေသခံအမျိုးသမီးသင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၊မြေကွက်အမှတ်-၁၅၊မြေကွက်တည်နေရာ-၁၅၊တာကောင်း(၁)လမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးဝင်းရှိန်(၁၂/လမတ(နိုင်)၀၂၅၇၇၃)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးဝင်းရှိန်(ဖခင်)နှင့်ဒေါ်ငွေး(မိခင်)တို့ကွယ်လွန်ပြီး၄င်းတို့နှစ်ဦး၏တစ်ဦးတည်းသောသားဖြစ်သူဦးဝင်းဗိုလ်ရှိန်သည်လူပျိုကြီးဘဝဖြင့်ထပ်မံကွယ်လွန်သဖြင့်အမည်ပေါက်-ဦးဝင်းရှိန်၏ညီအစ်ကိုမောင်နှမများဖြစ်သူဦးသန်းရှိန်(ခ)သန်းလှိုင်(၁၂/လမတ(နိုင်)၀၃၁၀၃၉)၊ဒေါ်ကြည်ကြည်ရှိန်(ခ)ကြည်ကြည်ဝင်း(၁၂/လမတ(နိုင်)၀၁၉၆၈၂)၊ဒေါ်သင်းသင်းရှိန်(၁၂/လမတ(နိုင်)၀၁၉၆၈၁)၊ဒေါ်မိုးမိုးတင်(၁၂/လမတ(နိုင်)၀၁၉၈၄၈)တို့မှတောင်ဥက္ကလာပမြို့နယ်တရားရုံးတရားမကြီးမှုအမှတ်(၁၀/၂၀၂၃)၏စီရင်ချက်၊ယင်းတရားရုံးအမိန့်ဒီကရီနှင့်ညီအစ်ကိုမောင်နှမများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊နိုင်/ကတ်၊အိမ်ထောင်စုလူဦးရေစာရင်းများ၊သေစာရင်းများတင်ပြ၍ဒေါ်သင်းသင်းရှိန်၊ဒေါ်ကြည်ကြည်ရှိန်(ခ)ကြည်ကြည်ဝင်းတို့ကိုယ်တိုင်နှင့်ဦးသန်းရှိန်(ခ)သန်းလှိုင်၊ဒေါ်မိုးမိုးတင်တို့၏GPရရှိသူဒေါ်သင်းသင်းရှိန်မှ(ပိုင်ဆိုင်/အရောင်း)မြေပုံကူးလျှောက်ထားလာမှုအပေါ် လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် နေပြည်တော်ဧရိယာအတွင်း သာမိုပလပ်စတစ်ဖြင့် ယာဉ်အန္တရာယ်ကင်းမျဉ်းရေးဆွဲခြင်းလုပ်ငန်းအတွက် လိုအပ်သော သာမိုပလပ်စတစ်ဆေးဝယ်ယူခြင်း Lot (၁) ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၁-၂၀၂၄ ရက်
တင်ဒါပုံစံပိတ်မည့်ရက် - ၁၆-၁-၂၀၂၄ ရက်၊ ၁၆:၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တိုက်ခန်းအရောင်းအဝယ်ကန့်ကွက်နိုင်ပါကြောင်း

**"ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ တံခွန်တိုင်လမ်း၊ အမှတ်-၁၄၇၊ (၂) ခန်းတွဲ (၆-လွှာ/အေ) ဟုလိပ်စာတွင်သည့် တိုက်ခန်း"** ကို တရားဝင် လက်ဝယ်ထား အကျိုးခံစားလျက်ရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချခွင့်ရှိကြောင်း မြွက်ဟကြေညာသော တိုက်ခန်းအမည်ပေါက်ကွယ်လွန်သူ **ဦးအောင်နေဝင်း**၏ ဇနီးဖြစ်သူ **ဒေါ်ဇင်မာသူ [၁၀/မလမ (နိုင်) ၁၇၂၉၅၁]**က မိမိသာလျှင် အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချခွင့်ရှိကြောင်း မြွက်ဟကြေညာချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင့်တင့်ထွန်း [၁၂/ပဘတ(နိုင်)၀၃၄၄၆၄]က လွှဲပြောင်းဝယ်ယူရန် ယင်းတိုက်ခန်း တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မင်းဦး - LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၈၆၆၄၀၇**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၂)လမ်း၊ အမှတ်(၅၈၃)ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ(ခြေရင်းခန်း)ရှိ (၁၇ပေx၅၄ပေ)အကျယ်ရှိတိုက်ခန်းအား ယခုရောင်းချသူ ကန်ထရိုက်တာ ဦးကျော်ကျော်သိန်း [၁၂/မဂတ(နိုင်)၁၁၄၃၅၁]က အကျိုးခံစားခွင့်ရရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သင်းသင်းဆွေ [၁၂/လကန(နိုင်)၀၆၉၄၀၈]က ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများ၊ တရားရုံးအမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| **ဦးသော်ဇင်** | **ဦးငြိမ်းချမ်းထွေး** |
|---|---|
| **LL.B (စဉ်-၁၆၇၁၃)** | **LL.B (စဉ်-၁၆၇၄၆)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂** |

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်- ၃၊ ဦးပိုင်အမှတ်(၃၂-က)၊ ၆၄.Aလမ်း၊ ၁၉x၂၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သူဇာသိန်း[၈/ပခက(နိုင်)၀၃၆၁၈၁]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၇၅၈/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခိုင်ခိုင်စိုး[၉/မရမ(နိုင်)၀၁၂၆၂၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂ - က၊ ရွှေတောင်မော်စားကျက်ကွင်း)၊ ဦးပိုင်အမှတ် (၆၈)၊ ဧရိယာ(၀.၀၉)ဧကရှိမြေအား ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ ရွှေတောင်မော်ကျေးရွာနေ ဦးမျိုးအောင် [၁၄/ဝခမ(နိုင်)၁၅၃၃၆၀]မှ မြေငှားဂရန်အသစ် ရရှိရေးအတွက် မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## အောင်စကြာရတနာခတ်နန်း
## အမှန်ဟော ဆရာစကြာအောင်ပွင့်ခေါင်
## မနောဗေဒပညာ

နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၂:၀၀)နာရီ
အမှတ်(၉၅၆)၊ ယသဝတီ(၁၂)လမ်း၊
(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်းနံပါတ်- ၀၉-၂၅၀၅၀၄၁၄၄
၀၉-၇၃၁၅၆၀၆၁
၀၉-၂၅၂၆၀၀၅၆၇
တစ်နေ့(၁၀)ဦးသာ ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

## "တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ပုသိမ်မြေ(၉)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်-၁၇၁ ပေါ်တွင် ဆောက်လုပ်ထားသည့် (၆) ထပ်တိုက်၏ ၆လွှာ(6/B)၊ အကျယ်အဝန်း (အနံ ၁၂½ပေ x အလျား ၅၅ ပေ)ရှိ တိုက်ခန်းအပါအဝင် ရေမီးအစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်မြတ်မိုးသူ [၁၂/ကမရ(နိုင်)၀၅၁၂၀၁] အား ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ဝေဟင်ထွန်း [၁၂/ဒဂန(နိုင်)၀၃၀၁၂၄] က အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးထက်ဝေဟင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်သည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးထက်ဝေဟင်ထွန်း** | **ဒေါ်ပွင့်ဖြိုးဝေ** |
| **[၁၂/ဒဂန(နိုင်)၀၃၀၁၂၄]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၄၃/၁၇)** |

**B.A (Business Law), M.A (Business Law)**
**LL.B, D.B.L**
**အမှတ် (292/B), မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-254779774**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မြို့အုပ်စု-တိုးချဲ့၊ ခရေလမ်း၊ မြေကွက်အမှတ် (၁၄၄၈)ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးသောင်း (ISN-၀၅၇၅၄၂) အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးသက်နိုင်အောင် [၁၂/ရပသ(နိုင်)၀၇၈၉၂၁] ထံမှ ကျွန်ုပ် ဒေါ်စိုးရည်ရွှေ [၁၂/ဥကတ(နိုင်)၀၀၇၃၆၃] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးရည်ရွှေ**
**[၁၂/ဥကတ(နိုင်)၀၀၇၃၆၃]**
**တိုက်(BB-2)၊ အခန်း(၄၀၄)၊ ဗထူးအိမ်ရာအပိုင်း(၂)၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၂၉၀၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၉၃၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွှေဒနီ [၁၂/သကတ(နိုင်)၀၁၉၁၆၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခ(၂၁)လမ်း၊ မြေကွက်အမှတ် (၁၁၆၄)ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ၆၀ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ စတုတ္ထထပ်(၅လွှာ) ခေါင်းရင်းခြမ်း၊ ရေမီးအပြည့်အစုံတိုက်ခန်း(၁)ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်သူဟုအဆိုရှိသူ ဦးမင်းကိုကို[၁၂/သကတ(နိုင်)၁၇၆၇၃၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့် ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ ယနေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်စန်းမူ (B.A (Law).LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၅၇)(၁၀-၅-၂၀၁၂)**
**အမှတ်-၇၄၂၊ ပထမထပ်၊ ဝေဇယန္တာ(၁၈)လမ်း၊**
**၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-43150382**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## <u>အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း</u>

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၅၄/မမ/ပတ (CME/CE) | ဒီဇယ်ဆီ (၇၂၉၇၀၀)ဂါလန် ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၆ . ၁ . ၂၀၂၄ ) နေ့လည်( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၃ . ၁ . ၂၀၂၄ ) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သူရသတီလမ်း၊ ခြံအမှတ်(၈၇) ဟုခေါ်တွင်သော မောင်အုန်းမောင်အမည်ဖြင့်တည်ရှိသည့် တရားဝင်မခွဲစိတ်ရသေးသော နှစ်(၃၀)ဂရန်မြေ၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)အနက်မှ (၂၀ ပေ x ၆၀ ပေ)ကျယ်ဝန်းသော ခြေရင်းဘက်ခြမ်းမြေကွက်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့နိုင်(ဘ) ဦးထင်နိုင် [၁၂/မရက(နိုင်)၀၅၉၉၇၁]ထံသို့ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သောစရန်ငွေကို ကျွန်ုပ်မိတ်ဆွေ ဦးရဲနိုင်(ခ) ဦးဇော်ဝင်းနိုင် [၁၂/ပဘတ (နိုင်) ၀၁၁၅၇၈] မှ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းစာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်အတူ သတင်းစာတွင်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဆောလျင်စွာ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးရဲနိုင်(ခ)ဦးဇော်ဝင်းနိုင်**
**[၁၂/ပဘတ(နိုင်)၀၁၁၅၇၈]**

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |
|---|---|---|
| **ဦးအောင်မိုး (ကော့မှူး)** | **ဒေါ်သိမ့်သိမ့်ထွန်း** | **ဒေါ်ထက်ထက်အေးငြိမ်း** |
| **(စဉ်-၈၂၃၇)** | **(စဉ်-၁၂၆၇၆)** | **(စဉ်-၅၀၀၈၇)** |

**ရုံး-အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉ -၇၇၇၄၁၄၀၁၃၊**
**၀၉-၄၅၉၀၀၀၇၁၁၊ ၀၉-၇၉၈၅၇၇၂၉၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

